# ပုဍ္ဍေဝရိဘလလၡ္ဍနိဂ္ဂဟာသိဟာနုဝဒ

## ရှသူယ်ကျမ်း

ရှဝိဝဠိမေ

မန္တလေးရွှေမြို့တော်-အငေးပြင်

## ဣန္ဒာသယဆရာတော်ဘုရားကြီး၏

( တပည့် )

## ရှင်-စန္ဒိမာ

ရေးသားအပ်သော

# ဗုဒ္ဓဝေရိဩလရှိဒိဂုဟာသိဟာနာဒ

# ရှဘူယိကျမ်း။

မန္တလေးမြို့-ဆိုင်းတန်း။

ဦးမောင်ကြီးအင်ဆန်းစာပုံနှိပ်တိုက်

၁၂၈၇-ခု။ တန်ခူးလ။

1926,

တအုပ် (၆ ပဲ)

# ဗုဋ္ဌဝေရီအလင်္ကာ နိဂ္ဂဟသီဟနာဒ ရှုဘွယ်ကျမ်း။

နမော တဿ ဘဂဝတော။ အရဟတော
သမ္မာသမ္ဗုဒ္ဓဿ၊

အရဟတော။လူမင်းနတ်မင်းဗြဟ္မာမင်းတို့၏၊ပူဇော်ကိုခံတော်မူထိုက်ထသော။သမ္မာသမ္ဗုဒ္ဓဿ။ မဖေါက်မပြန်သယ်မှုညာဏ်တော်ဖြင့် မိမိအလိုလိုကိုယ်တော်တိုင်သာလျှင်။ အလုံးစုံသောတရားတို့ကို၊ သိတော်မူတတ်ထသော။ တဿတာဒိသဿ။ ထိုသို့သဘောရှိတော်မူသော။ဘဂဝတော၊ ကိလေသာမာရ်၊ ကိုယ်တွင်းရန်ကို၊ ဖျက်ဆီးတော်မူနိုင်သော ဘုန်းရှိတော်မူသောမြတ်စွာဘုရားအား။မေ။ တပည့်ပညာတော်သင် ရဟန်းလောင်းကိုရင်စန္ဒိမာ၏။ဝါ။ ရုပ်နံ့သင်ကြတဲ့၊ ပရိယတ္တိသာသနာတော်၊ ကမ္မဋ္ဌာန်းဝင်။ချူတင်ဆောင်ကြနိဗ္ဗာန်ရောက်ကျင့်ကြံ အားထုတ်ကြသည့်။ ပဋိပတ္တိသာသနာတော်။ဤသာသနာတော်ကြီးနှစ်ပါး ဖျက်ဆီးဝင်သည့်၊ [ဒေဝဒတ်နှင့်-သုပ္ပဗုဒ္ဓါ-ဘုရား ယောက္ခမ ဝိဋ္ဋူမာန ]တို့နှင့်တူသော ဘုရားရန်သူတော်။ အဂ္ဂသာဝက၊ မဟာသာဝက။ ပကတိသာဝက၊ ရဟန္တာ။ အနာဂါမ်။ သကဒါဂါမ် သောတာပန်တို့နှင့်တကွ၊ ငါတို့-ဆရာတော်ဘုရားကြီး။ ကမ္မဋ္ဌာန်းသမားတို့၏ ရန်သူတော်တို့ကို၊ နှိပ်နင်းဆုံးမ ဩဝါဒ စာအုပ်လာလတ္တံ့သော၊ရဟန်းလောင်းပညာတော်သင်၊ကိုရင် စန္ဒိမာခေါ်တပည့်တော်၏။ နမော။ရှိခိုးခြင်းသည်၊ဝါ၊ ယာချရှိခိုး

ဆဲအခါ၌ဖြစ်သော မဟာကုသိုလ်။ ညာဏသမ္ပယုတ်။ကုသိုလ်
စေ့စော်နာသည်။ မချ၊ရှိမခိုးမှီ။ ရှေးကာလ၌။ ရှိခိုးမည်ဟု
နှစ်လုံးပြုသောအခါ။ပုဗ္ဗစေတနာ။အနုစေတနာ။အနုသရနေ့၏အခွင့်ဖြင့်ဖြစ်
သော ရှေးရှေးသော၊ ကုသိုလ်စော စေတနာသည် ဖလူပစာ။
ရှိခိုးပြီးသည့်မှနောက်ကာလ၌။ပစ္ဆာစေတနာ။အနုစေတနာ။အနုသရနေ့၏
အခွင့်အားဖြင့်ဖြစ်သော။နောက်နောက်သောကုသိုလ်စော စေ
တနာသည်။ကရောဟူပစာ။အပစ္စည်း၏အရကား။ထိုမချဖလူကာ
ရဏူပစာရတို့ဖြင့်မှတ်အပ်သော။ ယော နိသော မနသိကာရေ
သဒ္ဒါ-သတိ ဝိရိယ-အဓိမောက္ခတို့ဖြင့် - ထုံအပ်သော။ ခန္ဓာ
ပဉ္စကကိုစွဲမှတ်၍။ ကိုရင်စန္ဒိမာ-ဟု ခေါ်ဝေါ်အပ်သော။ သတ္တ
သတ္တာနပညတ်။ ဒြပ်ဝိသေသရ၏ဟု။ အရကောက်သော။စန္ဒိမာ
ခေါ်-ရဟန်းတော်လောင်း၏။ရှိခိုးခြင်းသည်။အဘူတဘာဝတ္တ။ ဖြစ်
စေသတည်း။ဝါ။ဖြစ်စေခဲလို။ဝါ။ဖြစ်စေလိုကြောင်း။ ဆုတောင်း
ပြီးခါ။ရှိခိုးပါ၏မြွက်စွာဘုရား။

နမဿိယ ဟိ ရတနံ။ ဇမ္ဗူဒီပတဇညာတံ။ ဒသသ ဩဇ ဝ
လိက္ခာမိ။တံညာဏ နှ ဘာဝဂတံ။ အဟ။ငါသည်။ဝါ။ပဋိသန္ဓေ
စွဲနေသည့်ဗိတ်ကာစ၍။ရတိစိတ်တိုင်အောင်။စိတ်တချက်-တချက်
မှာ။ခန္ဓာငါးပါး-ရုပ်နာမ်နှစ်ပါး။သင်္ခါရလေးပါး အစုမျှသာရှိသည်
ဟု။သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ တဒင်္ဂပဟာန်ဖြင့် ပါယ်လှုံနိုင်မှုသော
သောတာပန်လောင်းဖြစ်၍။အပါယ်တံခါးပိတ်ပြီဟု။ သဗ္ဗညုတ
ညာဏ်တော်ဖြင့်သာ။ သိမြင်တော်မူနိုင်သော။ စန္ဒိမာခေါ်
တွင်။ကိုရင်ငါသည်။ဝါ။ပဋိသန္ဓေစိတ်ကာစ။ရတိဗိတ်ကြအောင်
ကိုရင်စန္ဒိမာ၏ကိုယ်အတွင်းမှာရှိနေသည့်။ ပဋ္ဌာန်းကျမ်းကြီးကို
ထုတ်၍ပြရသော်။ပဋိသန္ဓေစိတ်မှာ။ အဓိပတိ အာသေဝန။၂-
ပစ္စည်းကြဉ်၍ ၂၂ ပစ္စည်း။ထို့အသူ။ဘဝင်ရတိစိတ်တိုင်အောင်
၂၂-ပစ္စည်း။ငြိထိကြသောအခါ။ပစ္ဆာဇာတ ဝိပါကဝိပ္ပယုတ္တ။မနောဒွါရာဝဇ္ဇန်း
တို့မှာ။အာသေဝန။ဟေတု။မဂ္ဂ။ အဓိပတိ။ဝိပါက၊ ငါးပစ္စည်း

ကြောင့်၍။ ၁၈-ပစ္စည်း။ ပဉ္စဝိညာဏ်စိတ်၌။ အာသေဝန။ ဟေတု။ ဈာန။ မဂ္ဂ။ အဓိပတိ။ ၅-ပစ္စည်းကြောင့်၍။ ၁၈-ပစ္စည်း။ သမ္ပဋိစ္ဆိုဏ်း။ သန္တီရဏတို့မှာ။ မဂ္ဂ။ အဓိပတိ။ အာသေဝန။ ဟေတု။ ၄ ပစ္စည်းကြောင့်၍။ ပစ္စည်း-၂၀။ ရှေးရှေးသောဇောတို့မှာ။ ဝိပါက တပစ္စည်းကြောင့်၍။ အဆုံးဇောမှာ။ အာသေဝန။ ဝိပါက။ ၂-ပစ္စည်း ကြောင့်၍။ ၂၃-ပစ္စည်း။ ၂၂-ပစ္စည်း။ တဒါရုံစုတိဘဝင်။ ဘဝင် စလန။ ဘဝင်ုပစ္ဆေဒတို့မှာ။ ပဋိသန္ဓေစိတ်နှင့်အတူ။ အာသေဝန အဓိပတိ။ ၂-ပစ္စည်းကြောင့်၍။ တဖြိုင်နက်ယှဉ်ယှဉ်ရဟာဂ တ်ကောင်း သော။ ၂၂ ပစ္စည်းစသည်ခေါ်ဝေါ်။ ပညတ်သမုတ်အပ်သော စန္ဒိမာခေါ်။ ရဟန်းတော်လောင်း။ အရာကောင်း တပည့်သည်။ ဝါ။ သာသနာညှာကောက်သျှင်သာ။ ဝိသေသအားဖြင့်ကောက်သော်။ ပဋိသန္ဓေ။ စိတ်၌ပင်။ ဟေတုပစ္စည်း။ ပစ္စယုပ္ပန်။ ပစ္စနိက်တရားသုံး ပါး။ သဟိတ်စိတ်မှန်က။ ရတိစိတ်တိုင်အောင်။ ဟေတုပစ္စည်း။ ပစ္စယုပ္ပန်။ ပစ္စနိက်တရားသုံးပါးသာရသည်။ အဟိတ်စိတ်မှန်က။ ပစ္စနိက်တရားတပါးတည်းသာရှိသည်ဟု။ ရတိပဋိသန္ဓေ တိုင်မှတ် အပ်သော။ ပရမတ္ထအစစ်အားဖြင့်။ ဟေတုပစ္စည်း။ ပစ္စယုပ္ပန်။ ပစ္စ နိက်တရားအပေါင်းဟုဆိုအပ်သော။ ရဟန်းလောင်း - စန္ဒိမာ ကိုရင်သာမဏေသည်။ တိရတနံ။ ရတနာသုံးပါးအပေါင်းကို။ ဝါ။ ပဋိသန္ဓေစိတ်တော်ကစ၍။ ရတိစိတ်တိုင်အောင်။ စိတ်တချက် တချက်၌။ ဓာတ်-၆-ပါးတရားတို့၏ ဥပါဒ်ဌီဘင်။ အစဉ်ဟု ဆိုအပ်သော။ ဓာတ်အပေါင်းဖြစ်သောမြတ်စွာဘုရား၊ ထိုဘုရား ကိုယ်တိုင်ယူရဟောသည့်။ ပဋ္ဌာန်းပစ္စည်း။ ပစ္စုပ္ပန်။ ပစ္စနိက်။ ဓာတ် ၆ ပါးတည်းဟူသောတရားတော်။ ထိုတရားတော်အတိုင်းကြင့် နိုင်မှ။ ရနိုင်ရောက်နိုင်သော။ မဂ်ဋ္ဌာန် ၄ ရောက်။ ဖလဋ္ဌာန် ၄ ရောက်။ ရှစ်ရောက်အရိယာသံဃာတော်ဘို့နှင့်တကွ။ ၄ ဖြာ သောသတိပဋ္ဌာန်။ ရှစ်တန်သော မဂ္ဂင်တရားဘို့၏။ မပြတ်မစဲ။ အမြဲကိန်းအောင်းတည်နေရာဖြစ်သော။ အရိယာသံဃာ၊ ထိုဆို

အဒ်ခဲ့ပြီးသော။ဘုရား။ဘုရား။သံဃာ။ရတနာမြတ်။၃ ပါးနတ်ကို။
နမဿိယာ။ ရှိခိုးပြီး၍။ ဇမ္ဗူဒိပ တစ ညာတံ။ ဇမ္ဗူဒိပ် ကျွန်း
ကြီးနိုက်။ တခွန်ကြီး သဖွယ် သိအပ်သော။ ယံဂန္ဓံ။ အကြောင်း
ရဟန်း တော်။ ရှင်သာမဏေ။ သီလရှင်။ ရသေ့။ လူ
သူတော်စင်တို့။ကမ္မဋ္ဌာန်းမဝင်။ဓုတင်မဆောင်ခြင်းအောင်။ ပဋိ
ပတ္တိသာသနာတော်ကြီးကို။ဖျက်ကြသည့်အတွက်၊ ကျက်သွန်]
ကို။ (ဆိန်နှင့် ကျော် )သကဲ့သို့။ ရောရုဝ ငရဲကြီးမှာ။ တရှဲရှဲ
အကျော်အလှော်။ခံရပါစေသောဟု။ဆုတောင်းသည်နှင့်တူသော။
ဤ သူတို့ပါဟုပြသော။ကျမ်းစာအုပ်သည်အတွတ်ရှိ၏။ဘံ။ ထိုကို
တက်သာမန ၊လို၍။မန္တေရ၊ဝန်တို့ခြင်းကြောင့်။ ရောရုဝငရဲမှာ။
ခံရမဲ့ သူ။ဤသူ ဘုပင်ဟု။လက်ညှိုးထိုးပြသည့်ကျမ်းစာအုပ်ကို။
အန္ဓစက္ခု။ ပညာမျက်စိကန်း၍။မှားမှန်း မှန်မှားမသိရှာကုန်သော
အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့အား။သြဇ။၂ သိန်း။၄ သောင်း အထုရှိ
သော။ မဟာပထဝီ။ဤမြေကြီး၏။ အောက်မျက်နှာ အပြင်၌ရှိ
သော။မြေဆီ။မြေခွန်။မြေလွှာ။မြေဩဇာကို။ ဒဿ ဒဿနေ့ကာ။
မျက်ဝါးထင်မြင်အောင်ပြသျှက်။ဝါ။ဤသည်ကား ရသေ့အစစ်
ဤသည်ကားရသေ့အသွင်။လူသူတော်စင်။ ဤသည်ကားပုခ္ခ
ပိုက်။ ဤသည်ကားရဟန်းဟု။ ခွဲခြမ်းထောက်၍ပြလျှက်။ ဝါ။
ကျိုက်ထိုမြို့ကရသေ့တို့ကိုမနာလို၍။ သို့ဟုတ်-- အခြင်းခြင်း
အပြောမတဲ့၍။ကဲ့ရဲ့ဆဲရေး။နှောင်ဘေး။ ခဘေးမမြင်။ ဘုရားရှင်
အာဏာတော်ကိုပင်။ဖျက်ခြင်း။ဆဲခြင်း၍။ရေးကြသူတို့။ မှုပြစ်ကို
မြင်အောင်ပြလျှက်။လိုက္ကာမ်။ ရေးခဲ့ပါအံ့။ ဝါ။ ဘုရားသခင်၏
ကျေးဇူးတော်။ဆရာတော်ဘုရား၏။ကျေးဇူးတော်ကို အောက်
မေ့၍။ သာသနာတော်၏ ရန်သူ ရန်ညှောင့်ပါ။ တခါထည်း
ပျောက်ပျက်အောင်။ သိကြားမင်းလက်နက်-မိုးကြိုးစက်ပမာ။
တခါထည်းဖြတ်၍။သစ်ငုတ်မျှမကြံရစ်သလို နေအောင် ရေးခဲ့
ပါဒ်း။တံ။ ထိုယခုရေးလတ္တံ့သောကျမ်းစာအုပ်ကို။ ဘဝဂ္ဂတံ။

အောက်ကိုအဝီစိ။အထက်ကိုဘဝဂ်တိုင်နှင့်ပြားလျှက်။ လက်ခုတ် တီးခါ။အံ့ချီးကြော်ငြာ၍ အနန္တါ ပြောဆို။ ခုလိုကြီးမြတ်သည့် ဘုရားသာသနာတော်ကြီးကို။ ဖျက်ဆီးဝန့်သူရှိသေး သည်ဟု။ လူပြည်နတ်ရွာ့ပြဗ္ဗာပြည် ဘိုင်အောင်။ညာတော်နှု။ သိကြပါစေ ကုန်သတည်း။ ငါ။ ရဟန်းလောင်းသော်ကွင် — ကိုရင်စန္ဒိမာရှိ၍။ ဤစာအုပ်ကို ရေးပေလို့သာ။ ဤကိုရင်မရှိခဲ့လျှင်။ ဧကမုချ။ ငါတမဘုရားသခင်၏။ ပဋိဿတ္တိသာသနာတော်ကြီး ပျက်စီး၍။ သောတာပန်လောင်း။သောတာပန်ပစ်။ဘသါးပါးဖြစ်၍။ အပါယ် တံခါးပိတ်နိုင်စရာမရှိတော့ပါဟု။ထိကြား၊ပြ ၊ ၁၊နတ်တကာတို့ ပါ။နှစ်မြို့ကြည်သာ။သိတော်မူနိုင်ကြပါစေကုန်သတည်း။

နေက္ခမ္မံ ဗောဓိသတ္တဿ။ ဒုက္ကရဿ ပဋိပတ္တိ သိရသ္မိံ ပလိတံ ဇာတံ။ နမသာယ ပေနာတံ ဇိနံ။ ။ ဗုဒ္ဓါပဒါနိသံ ဝေရံ တံ၊ လိင်္ဂါ မိ။ ချနိမိတ္တံ။ ဥပမာယတိ သုဒဿနံ တံ။ ဝေခံ ပဿနာ ရောဂံဘာ။ ။

အဟံ။ငါသည်။ဝါ။ ရဟန်းလောင်းခေါ်ဘွင်။ ကိုရင်စန္ဒိမာ သည်။သိရသ္မိံ။ ဦး ခေါင်း၌။ဇာတံ၊ ပေါက်၍သာသော။ ပလိတံ။ ဆံဖြူပင်ကို ဝါ။သေမင်းဘမ်း၊အလင်္ကာတမူ။ ဆံဖြူတပင် ရုံးသို့ ဝင်ရောက်လာသည်ကို ဝါ။ဘပည့် ကပနိ၊ဟောန်းတော်ဘု၊ နတ် ပြသည်ကို၊ဒိသွာ၊မြင်၍သောကြောင့်၊နေက္ခမ္မ၊တောထွက်တော် မူရာသော။ဗောဓိသတ္တဿ။ဘုရားသခင်၊ ကျေးဇူးရှင်ဖြစ်တော်မူ သော။ဘုရားအလောင်းတော်ကိုငှင်း။နမာနမာမိ။ ရိုသေမြတ်နိုး ၍ခိုးပါ၏၊နမာ။ငါသည်ဘိုဘု-ဆံဖြူပင်ပေါက်။ ကြောက်ထိတ် လန့်ငြား။ သတ္တဘား၊ကျိုး၊ ရှိခိုးပြီး၍ ဒု ✦ ရ ။ သိပ္ပနှင့်ဘုန်းက အပြန်၊၄ ၂-နှစ်အရှိမှာ။ခန္ဓာ့နံ ရုပ် စက်ဆုတ်ပြီးပြီ။သက်ဥ, သစ် သီး။မညီးရှာသေ့၊ ၆--လစေ့အောင်၊ အမိုးကြွကြွ။ အခရေ

ခြောက်ခြောက်, နောက်မဆုတ်ဘဲ။အံကြိတ်ခဲ၍၊ တသဲသဲကျင့်
တော်မူဘုန်းသော။မဟာထေရ။ ၎င်းတို့ဆရာ မဟာထေရ်ကျော်
ဆရာတော် ဘုရားကြီးကိုရင်း။ နဝွာနမော်မိ။ရှိခိုးပါ၏။နမသ်ပ။
ရှိခိုးပြီး၍။ဗုဒ္ဓဝရီ သဝေရ ၊မြတ်စွာဘုရား၏ ရေနံ့သူတော်။ ငါတို့
ဆရာတော်၏ရေနံ့သူတော်အပေါင်း ဖြစ်သော။ဘုံ။ထိုသာသနာတော်
၂ ထောင်ကျော်ခါချ်နှင့်။ ပေါ်ပေါက်ကြွမ်းသော ရေနံ့သူတော်
အပေါင်းကို မှန်မိက္ကဝ၊ကျေးမှုပြင်မှာ။ ထင်လာနှိမ်တ်၊မျက်
နှာရိဘ်ကဲ့သို့။ဥပမာဟိ။ နှိုင်းရှည်စရာ ဥပမာတိဖြင့်။ ထိကွာမ်။
ရေးခဲ့ပါအံ့။သုဒ္ဓါသိတံ။ ကောင်းစွာညွှန်ပြအပ်သော။ ဝေရ။
ဘုရားသခင်နှင့်တကွ။ကမ္မဋ္ဌာန်းဆရာ။ကမ္မဋ္ဌာန်းသမားတို့ ရေနံ့သူ
အပေါင်းကို၊ပဏ္ဍိတာ။ လူ့ပြည်၊နတ်ရွာ၊ဗြဟ္မာပြည်ဝယ်။ ပညာ
ရှိတို့သည်။ပသန္နာ။ ရှုတော်မူကြပါစေကုန်သတည်း။ ။ဝါ။အခါ
ဒါသစင်။ ကျေးမှုပြင်မှာ။မျက်နှာရိတ်ကဲ့သို့။မရှိဘမသိ။ ကြည့်ရှု
တော်မူကြပါစေကုန်သတည်း။ ။

ယာချပဘာမ-အထပ်ထပ်ပြု၍။ ကိုရင်- စန္ဒမာ မဟာခုတ်။နမော။
ပုဒ်၏အခုကောက်၍။ ပန္နည်း၊ပန္နယာချင်ပ်။ ပ နိကံသာရှိသည်။ ရေ
သည်ဟုကောက်၍ ပြုလိုက်သည်ကား။ ပဋ္ဌာန်းအကောက်,ဆို
တုံးမတ်တတ်-ရေးရသောစာအုပ်မှိ။ ပန္နည်း တတ်ပုံနှင့်တကွ။
ကောက်ပြုလိုက်သည်ကား။အနည်း၎ယ်မျှသာ။ ဂန္ထ၀ ရှင်ဒါသ
ဖြစ်မည်ပိုး၍။ ထိုနခုတတ်၏အခုကို။ကိုရင်နားလည်၍ ဟောက်
နေကြ။ နှယ်ကောက် ၃ ပါး။ဥပစာဆယ်ပါးကောက် ဆယ်ပါး။
သဒ္ဒါကောက် ၆ ပါး။အလင်္ကာကောက် ၃ ပါး။ သကာန့်ခြပ်
စသည်ကောက် ၅ ပါး။ဝစနတ်ကောက် ၆ ပါး။သပြုံဟ်ကောက်
၉ ပါး။နေ့တွင်ပြဟာရစသည်ကောက်ရချင်။လိုရာမပြီး။အကောက်
တနှင့်။နရခတ်အရကောက်၍စာအုပ်ပြီးနေ၍။လိုရင်းမပြီးဖြစ်
မှာကြောင့်။ အနည်း၎ယ်မျှသာ ကောက် လိုက်ရသည်။ ။
အကောက်နည်းအချဉ်ရင်ကို။ ၍ငါတို့-ဗုဒ္ဓဃောသ ဆရာတော်

ဘုရားအဘိမှသာ။ ဤနည်းနာကိုပေးသည်၊ အချားမှာ-ဤနည်းမျိုးမကြားရမတွေ့ရဘူးပါ။ ။

ယခုအခါ-သိုက်ခေတ်ကိန်းအရ။ ။၁၂၆၄ ခု။ ၅ ခုနှစ်ကစ၍၊ ငါတို့-စစ်ကိုင်းတောင် ဇာတ္တသာသာ ငါးတိုက်။ မင်းကွန်း ဇာတ္တသာသာ ငါးတိုက်နှင့်။ ၄င်းပြင်။ မန္တလေးမြို့-အရှေ့ပြင်။ ဇာတ္တသာသာ မာရ်အောင်ရတနာ တိုက်၃ ပြာန်။ ပေ ဘုယျအားဖြင့်။အများနေ၍။ဤမှတပါးသော။ ရွာတိုးကြီးစသော-ကျောင်းတိုက်ရွာနတို့၌။အမြို့မြို့အရွာရွာ။ ဤမြန်မာနိုင်ငံနှ ခါနိုးကမ္မဋ္ဌာန်းဆရာလုပ်၍။ အားထုတ်ခဲ့ရာ။ ဘုရားပွင့်တော်မူစဉ်ကခဲ့သို့။ ထိုအတူ။ မနှစ်လိုမနာလိုဝန်တိုသူ ဒေဝဒတ်နှင့်။ ကောကာလိက။ သုပ္ပဗုဒ္ဓါ။ စိဉ္စမာနအလောင်း။ ၆ သောင်းဒိ၍။ ရှိကြပေါ်ကြသလို။ပေါ်ပေါက်လာလည်း။ ငါတို့-ဆရာတော်ဘုရားကြီးကဖြင့်။ နတ်သုဒ္ဓါများကိုစားရသကဲ့သို့နှစ်မြို့ကြည်သာ။ ရွှင်လမ်းဖွာသီးခံ၍နေပါသော်လည်း။ တပည့်ဖြစ်သူ ရဟန်းတော်လောင်း ပညာသင် ကိုရင်စန္ဒိမာတို့က။အဘိုး-အဘ ဘုံ၏အပြစ်ဒေါနတာဝန်ကို သားကြီး-မြေးကြီးတို့တာဝန်အနှံဖြစ်သည့်အတွက်။ကမ္မဋ္ဌာန်းဝင်။ချူတင်ကြွင်လပ်။ပဋိပတ္တိသာသနာတော်ကြီးကို။ ဖျက်ဆီးကဲ့ရဲ့။ တစ္ဆေ့တဆောင်း။ ရသေ့မလုပ်ကောင်းဘူး။ ပရိုက်။ ရဟန်း။ရသေ့။ သီလရှင်။ဘိုးသူတော်ဟူသမျှ။မိစ္ဆာဒိဋ္ဌိ ထည်းကြ၍။အကုန်ဘဲ-လူထွက်ရတော့မလို၊ပြောကြ။ဖျက်ကြတာနှင့် ဤသူတို့သေလျှင်။ ငကန်မချ ရောရဝငရဲမှာ။ ကျိုးစွဲအောင်ခံရမှာမြင်၍။ ကိုရင်က,သနားတာနှင့်။ မေတ္တာကမ္မဋ္ဌာန်း, စီးဖြန်းလျှက်။အနေမခက်အောင်။အသက်သေလဲ၊ ငရဲကလွတ်အောင် ရှေ့ဆောင်ဦးစီး။ အကြီးမဟုတ်ပြောသော်လည်း။ မြေး(ကိုး)အား ချောက်၍။ကိုရင်စန္ဒိမာက။ တခါထည်းသုတ်သင်ရာ။ မြောက်မိုးနှင့်,မြောက်ကိုချီ၍။ ကျက်နှက်ဆုံးသခဲ့သို့ ထို အတူ။မိမိရေးသားသော။ကျိုက်ထိုစာအုပ်ထည်းကပင်။ ကိုရင်ကထုတ်ပြခြင်းငှာ။

ကောဏ္ဍညံ့ နိသိန္နော။ ခေါ တေ ဥပသင်္ကမ ဘဂဝန္တံ ။ အဘိဝါဒေတွာ ရုံ။ ဗုဒ္ဓဘာဂေ တိတ္ထိယာ။ အဝဏ္ဏကာမာ။ ဗုဒ္ဓဿ အဝဏ္ဏ ကာမာ၊ ဓမ္မဿ အဝဏ္ဏကာမာ။ သံဃဿ သာဝဏ္ဏ ဘဂဝတော အသျှာ တိတ္ထိယာနံ။ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ နဒဒေယျုံ တို့။

ဟူသောပါဠိတော်ပါဠိတော်အစေ့အကား။ အဝတ်မဝတ်သော ပရိဗိုဇ်ရသေ့တို့ကို ပေးတော်မူသည်။ ။ဘဂဝန္တံ။မြတ်စွာ ဘုရား ။ဗုဒ္ဓမေတိတ္ထိယာ။ ဤအဝတ်မပါကိုယ်ကြီးသာ နေကြကုန် သော။တိတ္ထိတို့သည်။ဗုဒ္ဓဿ။ မြတ်စွာဘုရား၏။ အဝဏ္ဏကာ မာ။ ကျေးဇူးမဲ့ လျှက် ပျက်စီးခြင်းကို အလိုရှိကုန်၏။ ဓမ္မဿ၊ တရားတော်၏။အဝဏ္ဏကာမာ။ ကျေးဇူးမဲ့လျှက် ပျက်စီးခြင်းကို အလိုရှိကုန်၏။သံဃဿ။သံဃာတော်၏။ အဝဏ္ဏကာမာ။ ကျေး ဇူးမဲ့လျှက်ပျက်စီးခြင်းကို အလိုရှိကုန်၏၊ဘဂဝန္တံ။မြတ်စွာ ဘုရား။ အသျှာ။ အရှင်ဘုရားတို့သည်။ တိတ္ထိယာနံ။ ရတနာသုံးပါးကို မပင်ကဲ့သို့ရုံးကြကုန်သော။တိတ္ထိရဟန်းတို့ အား။ ခါဒနီယံ ဝါ၊ ခဲဘွယ်ကိုရင်း။ဘောဇနီယံဝါ။ ဘောဇဉ် ကိုရင်း။ နဒဒေယျုံ။ မပေးကုန်ရာ။ဝါ။မပေးပါစေနှင့် အရှင်ဘုရားလို့။ လျှောက်ထား ကြကုန်၏။ ထိုလျှောက်ထားကြသော တကာတကာမတို့အား။ သနားသဖြင့် ပြောဆိုတော်မူခြင်းငှာ၊

ပေါ်ပနာဘိက္ခု အစေလ္လကာဿဝါ။ ပရိဗ္ဗာဇကဿဝါ။ပရိဗ္ဗာ ဇိကာယဝါ။ သဟတ္ထာ ခါဒနီယံ ဝါ။ ဘောဇနီယံ ဝါ။ ဒဒေယျ ပါစိတ္တိယန္တိ။

ဟူ၍။ရှင်းသားတော် ရှင်းကာအချုပ်။ရှင်းနှံဝါတ်မှာပင်ဟောတော်မူ သည်။ပေါ်ပနာဘိက္ခု။အကြင်ရဟန်းသည် အဘေဒကဿဝါ။ အ ဝတ်မဝတ်သော ရဟန်းအားငှင်။ ပရိဗ္ဗာဇကဿဝါ ။ပရိဗိုဇ်

ရဟန်း ယောကျ်ား အားငှင်း။ ပရိဗ္ဗာဇကာယာဝါ။ ပရဒိုက် ရဟန်းမိန်းမအားငှင်း။ သဟာဘွာ။ မိမိလက်ဖြင်၊ ခါဒနီသံဝါ။ ခဲဘွယ်ကိုဂင်း။ဘောဇနီယံဝါ။ ဘောဇဉ်ကိုငှင်း။ဒဒေယျ။ပေး ငြားအံ့။ပါစိတ္တိယံ။ပါစိတ်အာပတ်သင့်၏။ ။

ဤသို အပ်ခဲ့ပြီးသော-၃-ချောက်တို့တွင်၊ အစေဋ္ဌက-တက္က တွန်းဆိုတာ။ အဝတ်မပါ။ကိုယ်ဘည်းသာနေ၍။ ငါဘုရားဘဲ- ပြော၍။ ငါ,အချုံးခြုံဆုံးဟု။ လှည့်စားနေသော။ ဒိဋ္ဌိတက္ကတွန်း ဘုရားဟူ၍မှတ်။ထို့ကြောင့်မဟုတ်လော။ ။အစေဋ္ဋကောနာမ ယောကောစိ ပရိဗ္ဗာဇက သမ္ဘာပန္နော နဂ္ဂေါ။ ။ဟုမိန့်၍ဟော တော်မူ၏။ ။ပါဠိ။ ။အစေဋ္ဌကောနာမ။အစေဋ္ဌက မည်သည် ကား။ ယောကောစိ။အမှတ်မရှိသော။ ပရိဗ္ဗာဇက။သမ္ဘာပန္နော။ ပရဒိုက်အမျိုး ရဟန်းဆိုး ဒိဋ္ဌိတို့တွင်။ တဦးအပါအဝင်ဖြစ် သော။နဂ္ဂေါ။ခွဲးလောက်မှအရှက်မရှိသည့်။အဝတ်မပါ။ ကိုယ် ဘည်းသာနေပြီးလျှင်။ ငါဘုရားဘဲ ပြော၍နေသော ဒိဋ္ဌိတက္က တွန်းဘုရားတည်း။ ။

ကျိုက်သိုမြို့က၊တချောက်နှင့်ဘချောက်မတဲ့ကြ။မသင့်ကြ၍ ရသေ့-ပရဒိုက်တို့ကို။ ဒိဋ္ဌိတို့ဟူ၍။ ရဟန်း ယောက်ကျား။ ရဟန်းမိန်းမ။သာမဏောယောက်ကျား၊ သာမဏေနီ မ။ တိကြွ မာန်မှဘျင်းသမျှ။ ပရဒိုက် ထည်းသို့ ချောက်သည့်-အဘွင်း ဝင်သည့်ဒိဋ္ဌိဘက္ကတွန်း တွေဘဲလို့ရေးကြသည်၊ ဤ ဘအခုင်မှာ ရှိသည့်အဘိုင်းမှန်ခဲ့လျှင်။ ယခု မြန်မာနိုင်ငံနှင့်ဘာဘွ။ ရှမ်းပြည်။ ကိုးဆဲ့ကိုးစော်ဘွာ။ တရုပ်ပြည်။ ရိုးဒရားပြည်၊ ရက္ခိုင်ပြည်။ သီဟိုဠ်ပြည်။ဓနေ။ဘိဘ်။ခါးဝယ်မှစ၍။ရှိသမျှ သီသရှင်။ရသေ့ မိုးသူတော် ရသေ့အသွင်နှင့်ကဒ္ဒမ္ဘာန်းဝင်၍။ အ ီအပဉ်။တော ထွက်။အိမ်ရာကိုစွန့်နေသည့်လူသူတော်စင်။ဤပုဂ္ဂိုလ်တို့သည် ဆိုအပ်ပြီးခဲ့သော။ဘိက္ခု။ဘိက္ခုနီ။ သိက္ခမာန်။ သာမဏေတို့မှ။

ကျောင်း၊သမ္ဗျပရမိုက်၊ရဟန်းဒိဋ္ဌိတက္ကတွန်း ထည်းသွင်း၍၊ဆုံးဖြတ်ရေးသားကြသည့် ဧာအုပ်ကြည့်ကြ၍၊ ဘုရားသာသနာတော်တွင်းမှာ၊ရသေ့မရှိရ၊မလုပ်ရဘူး၊ သီလရှင်မလုင်၍၊ ပရိုက်,ရဟန်း၊ဖိုးသူတော်မလုင်ရ၊လုပ်ကြလျှင်၊မိစ္ဆာဒိဋ္ဌိဆိုတာ(စါမှားအသုမှာ၊ အကောင့်မှား၊ပါဋိတခြား၊အဓိပ္ပါယ်တခြား)၊ယောကျ်ားကို၊နှစ်မလေးခေါ် မိသလိုဆိုထား၊ရေးထားသည့်၊စာအုပ်မှားဟူ၍ မှတ်ကြပါ။ ။အကယ်၍ မိစ္ဆာဒိဋ္ဌိ၊တက္ကတွန်းတွေငင်း၊စာအုပ်အတိုင်း မှန်ပါလျှင်၊ ယခုအတိုင်း အပြည်ပြည်ရှိသမျှသီလရှင်တွေ၊အသင်္ဃေတ်ကစ၍၊ ရှိသမျှ-ပရိုက်တွေ၊ ရှိသမျှရသေ့တွေ၊ ရှိသမျှဖိုးသူတော်တွေ၊ရှိသမျှလူသူတော်တွေ၊လူတွက်ကြရတော့မည်၊အဓိပ္ပါယ်ကြနေသည်၊အကယ်၍ဒိဋ္ဌိတက္ကတွန်းတွေ၊ဖြစ်နေပြီးဟုအကုန်လူထွက်ကြလျှင်၊ စာအုပ်ထုတ်သူကြည့်ကြဖတ်ကြယုံကြည်ကြသူ၊သေ့မလုင်ရ၊သီလရှင်,ဖိုးသူတော်မလုင်ရဟူ၍ပြောကြသူတို့ပါ၊ကောင်းမှုချရောရုဝငရဲမှါခံကျရမည်ကိုမြင်၍၊ရဟန်းသောင်း။ ပညာတော်သင်၊ကိုရင်စန္ဒိမာက၊ဇရုဘာဝသံသရာက၊ အမိ,အဘ,ညီသား, အစ်ကို, မောင်နှင့်နှမ, ဖြစ်ခဲ့ကြ ဘူးသော သူတို့ပင် တည်းဟူ၊ မေတ္တာပြုလျှက်၊ငင်းပုဂ္ဂိုလ်တို့ ဒိဋ္ဌိတွေဖြစ်နေပြီဟူ၊အထင်မှားပြီး၊ လူမထွက်ကြရအောင်၊ နောင်ကိုလည်း၊ သီလရှင်၊ရသေ့၊လူသူတော်၊ဖိုးသူတော်မလုပ်ဝန့်ကြ၍၊အဆက်ပြတ်သွားမည်ကိုစိုးရိမ်၍၊ ဤစာအုပ်ကိုရေးထုတ်၊အမှားတွေကိုပြန်နှုတ်ရပါသည်၊သူတပါးကျင့်ကြသည်ကို,ဝန့်တို၊ကိုယ်ထက်သာမနာလို၍၊ကိုယ်မလုပ်ခြင်း၍အမြင်ကတ်၍၊ ချောင်းခါ၊မြောင်းခါ၊ စောင်းခါ၊ ရိတ်ခါ၊ပြောတတ်သူ၊ရောရုဝငရဲသားလောင်း၊ဒေဝဒတ်နှင့်၊ကောကာလိကသုပ္ပဗုဒ္ဓါ၊ စိဉ္စမာန၊ ဒိဋ္ဌိခြောက်သောင်း အလောင်း၊ မသူတော်အပေါင်းတို့၊ ။

တကာကြီးတို့၊အခြားမဟုတ်၊ ငါတို့ဆရာထေဘ်ဘုရားကြီး၊

နှင့်။ သံဃာတော်များ။ နွားထိုးကြီး–မြင်းကြီးကအပြန်။ ဗိုလ်က
လေးမြို့။ဖျာပုံမြို့တို့က။ကမ္ဗည္မာန်းပွဲလုပ်ရန်။ငှလာပြန်၍လိုက်သွား
ရာ။ဖျာပုံမြို့။မပ်းကြီးကတော်က။ အရှင်ဘုရာ ။ သီလရှင်မလုပ်ရ
ဘူး။လုပ်လျှင် [ အသူမှားဒိဋ္ဌိ ပြောတာနှင့်။သည်စာအုပ်ရေးတာ
အမှားပါဘုရား။ဘုတော်ကောင်းတရားကိုအားထုတ်သမျှ။သမ္မာ
ဒိဋ္ဌိအသူကောင်း။ အသူမှန် ဖြစ်ကြောင်း၊ ဤရဟန်းတော်မြတ်
ကိုယ်ဘဲ။ တပည့်တော်မ, ကိုယ်တိုင်တွေ့။ ကိုယ်တိုင်ပြောခဲ့
သျှောက်ခဲ့ရပါကြောင်း။ မင်းအပေါင်းတို့အလည်မှာ။ သျှောက်
ထားသည်ဟု။ငါတို့ဂေါတမသယာဆရာတော်ဘုရားကြီးကအမိန့်
ရှိပါသည်။ ။ယခုတချို့က။ဤမိန်းမ,မင်းကတော်လိုမှ။ဤစာအုပ်
မှောက်မှားကြောင်း မသိ။ဉာဏ်မရှိကြဘူး။ တာကြောင့်။ယောက်
ျားဖြစ်လျှက်။မိန်းမတို့အနိုင်ကိုင်။ နောက်လိုက်ဖြစ်ကြရသည်
လို့။စိတ်ကအောက်မေ့ရုံမျှမက။ငါတို့ ကိုရင်တို့–ဆရာတော်
ဘုရားကြီးသည်။ငါးဝါရက။တောထွက်သည်ကစ၍။ယခု–၆၆
နှစ်အဝင်။ပြန်၍ကြည့်ရလျှင်။ မန္တလေးမြို့။ ရန်ကုန်၊မော်လမြိုင်။
ရက္ခိုင်ပြည်ကြီးနှင့်တကွ။ မြို့ကြီးပြကြီးတိုင်း။ ကမ္ဗည္မာန်းပွဲကြီး
လုပ်၍။ အားထုတ်ခဲ့သော်လည်း။ ပညာရှိပုဂ္ဂိုလ်များကြ။ အသိ
ဉာဏ်ကြီးကြ၍။ ဤကျိုက်ထိုစာ ၂ ခုင်ရှိ၍။ကြည့်ကြသော်
လည်း။ဤနွားထိုးကြီးကမ္ဗည္မာန်းပွဲကဲ့သို့။ ဘုရားသာသနာတော်
တွင်းမှာ။ ရသေ့မလုပ်ရဘူး။ပရိုက် သီလရှင်မလုပ်ရဘူး။ လုပ်
လျှင်။ဒိဋ္ဌိဟူ၍။မပြောကြမဆိုဝန့်ကြပါ။ ။

ကိုရင်သင်ဘူးသမျှစာထည်းမှာဖြင့်။ ဘုရားရှင်ကိုမနာလို။ဝန်
တိုကြ။ဆဲရေးကဲ့ရဲ့ကြသော။ဒိဋ္ဌိတဏှာတွင်းတွေ။ ဘုရားကိုပုံခံ
ရန်ပြုကြသော။ ပရိုက်ဒိဋ္ဌိရဟန်းတွေ။သာသနာတော်မှာ။မရှိ
လျှင်,ကောင်းကြောင်း။ တင့်တယ် ကြောင်းကိုသာ။ တွေ့ရ
ဘူးပါသည်။ ။

ဤနွားထိုးကြီး ကမ္ဘဌာန်း မှာ။ ဒိဋ္ဌိလေ ဒ်းပေါ်ပေါက်သလဲ့သို့ ရသေ့မလုပ်ရဘူး။သာသနာတော်ဘွင်းမှ့,။ပခုဗိုက်သီလရှင်။ လူ သူတောင်စင်မရှိရ။မလု ်ရ။ပြောကြပါသည်။ ။ဤကဲ့သို့ပြောခြင်း သည်၊စာကိုကောင်းကောင်းမသင်ဘူး၍ပြောခြင်း-၁။ ။ကိုယ် ထက်သာ။မနာလို၍ပြောခြင်း-၂။။တကြီးနှင့်တဦး။ မသင့်ကြ၍။ အ ဆင့်ဆင့်ရန် ်း။တဘက်သားဘယ် ပိုနေနေ။ပြောခြင်း-၃။ ရသေ့သီလရှင်၊ပခုဗိုက်တို့နှင့် မသင့်ကြ၍။ စက်ဆက်ရှု မုန်း။နှ လုံးမသာ။ ရသေ့ကို မုန်းတာနှင့်။ နော င် ဤမြို့ ဤရွာသို့။မလာ ခြင်အောင်၊ပြောခြင်း ၄။ ။ရသေ့။ရဟန်း။တကာ တကာမတို့။မ တွဲကွဲပြား။ တရားကောင်းမပေါ်လာနိုင်အောင်၊ ရေးသားသော စာအုပ်မှား။ စာအုပ်ဆဲ။စာအုပ်လွဲ ဘြည့်ရှုမိတာနှင့်။ ကမ္ဘဌာန်း ရေးကိုလည်း။ကိုယ်အားမထုင် နိုင်တာနှင့်။ပြောဆိုခြင်း-၅။ ။ ကိုယ်မြို့ကိုအခြာ ကလာ၍။ ကမ္ဘဌာန်းပွဲလုပ်သည်ကို။ မကျိုက် မနာလို။ဝန့်တိုစိတ်ထွက်။ မနှုံသက်၍။ ပြောခြင်း ၆။ ။သို့မ ဟုတ်။ပါမှန်းမသိသော။ဆွေးမိုး ်ကို။ မှဆိုးက။ရှုး၊တိုက်ပေးတာ နှင့်။လိုက်ရ-ဟောင်ရ၊ ကိုက်ရသလို။ ယခုကမ္မဌာန်းပွဲမှာလည်း။ သည်လိုများ ။တဦးက။တဦးကို မကြည်ညို၍ဖြစ်စေ။ သို့မဟုတ် လျှင်။မိမိတို့ကိုယ်တိုင်က။ မပြောခြင်၍။ အခြားသူ။ လူ ငနွား တို့ကို။တို့ပေး,တိုက်ပေး၍။ပြောခြင်းဖြစ်စေ။ သို့မဟုတ် ပြန်က။ ဒေါသမ္မဟ်က။ မောဟမ္မဟ်က။ စိတ်ကမကောင်းတာနှင့်ပြော လိုက်မိခြင်း ၇။ ။ဤ ၇ ပါးသော ပြောဆိုခြင်းထည်းက,လွှတ် မည်, ထွက်မည်လို့။ ကိုရင်စန္ဒိမာက, မထင်ပါ ။တကာကြီး တကာမကြီးတို့။ ။

ဤကဲ့သို့။ဘုရားသာသနာတော်တွင်းမှာ။ ရသေ့ မလုပ်ရဘူး လို့ဆိုလျှင်။ ဘယ်ဘုရားက။ ဘယ်ပါဠိဖြင့်။ ဘယ် သုတ်မှာ။ ဟောတော်မူပါသနည်းလို ။ အသေချာပြောပါ လို့။မေးရမယ်။ ၂ ကြိမ်,၃-ကြိမ်မေးသို့ မပြော။အ(အ)လိုနေတာကိုတွေ့ခါမှ။ ။

ကြည့်စန်းကြပါ။ဇုဋ္ဌဝင်ပါဠိတော်၌။သုမေဓာ ရှင်ရသေ့ကို ဖွေ့
သောအခါ၊ ဒီပင်္ကရာဘုရားကိုယ်တော်မြတ်က။ ဟဲ့.သုမေဓာ
ရသေ့။ငါဘုရားသာသနာတော်တွင်းမှာ။ သူများလို-ကတုံးနှင့်
ဘုန်းကြီးမလုပ်ဘဲ။ရှောင်တုံး-မုတ်ဆိပ်မွေး တွေနှင့်-ဘာပြုလို့
ရသေ့ လုပ်ရသလဲလို့။မချိုးမချောက်။ မအော်မငေါက်သည့်
ပြင်။ဘုရားသခင်က။ ရွှင်ရွှင်ပြုံးပြုံးအလွန်နှစ်သက်၍။ ဤရသေ့
သည်။ ဤကမ္ဘာနောက်။ ၄-သင်္ချေနှင့်-ကမ္ဘာတသိန်း ရောက်
သောအခါ။ငါကဲ့သို့သော"ဘုရားတဆူ"ဂေါတမဟု။ ထင်ရှား
ဖြစ်လာတန့်ဟု။ဗျာဒိတ်ပေး၍။(ဗျာဒိတ်ပွဲကြီး မှာ။ မြေထု,ရေထု,
လေထု-စကြဝဠာ။ အဇ္ဈတ္တိုင်အောင်။ တုံလှုပ်ရုံမျှမက။ ၃၁
ဘုံလုံး။တအုန်းအုန်း တညာဏ်တညာဏ် နေအောင်ဖြစ်နေသည်
ကို။အသင်မကြားဘူး-မတွေ့ဘူးလို့။ရသေ့မရှိရ။ မလုပ်ရလို့
ပြောသည်လား။ သို့မဟုတ်-သူ အပါးက။ မြှောက်ပေး-တိုက်
ပေး၍-ပြောကြသည်လားလို့။မေး၍-မပြောခါမှ။ ကြည့်စမ်းကြ
ပါ။အကမ်းမဟုတ်ကြဘူးနော်။

ဘိက္ခဝေ။ ရဟန်းတို့။ဥဂ္ဂတေဇော။ထက်သော,တန်း
ခိုးလည်းရှိထသော။ ဇဋိလော။ ဆံတုံး-ဆံမိတ်လည်းရှိ
ထသော။အပယံဘာပသော။ ဤသုမေဓာ ရှင်ရသေ့ကို။
ပဿထ။ငှစ့်စေ၄-ရှုစန်းကြပါလော။ ဘိက္ခဝေ။ ရဟန်း
တို့။အယံ။ ဤသုမေဓာ ရှင်ရသေ့သည်။ ကပ္ပသတ သ
ဟဿာနိ ကေ။ ကမ္ဘာတသိန်း အလွန်ရှိသော။ စတု
အသင်္ချေရေ။၄-အသင်္ချေထက်၌က်။ ဂေါတမောနာမ။
ဂေါတမ အမည်ရှိသော။ ဗုဒ္ဓေါ။ ဘုရား တဆူသည်။
ဟေဿတိ။ ဖြစ်ရလတန့်။ ဝါ။ ကော်မှချ-ဗုဒ္ဓတဆူ-ပွင့်
တော်မူရစ်လတန့်။ ။ထိုသုမေဓာအရှင်ရသေ့.ဘုရား
အလောင်း တော်ကို-အကြောင်း ပြု၍။ ရသေ့လုပ်ကြ

သူ-ရဟန်း လုပ်ကြသူ တွေ-အလွန်များစွာ အားထုတ်
ကြလေသည်။

ချစ်သားတို့။ လောကမှာ-ဘုရားငံ့ဆိုတာ၊ တရားပေါ်ဆိုတာ။သံဃာတို့ပေါ်လာတာ။ နတ်-လူ-ဗြဟ္မာ-သတ္တဝါတို့-ချမ်းသာတို့အလို့ငှာ-ငံ့တော် မူလာကြောင်းကို။ ။ဗုဒ္ဓေါလောကေ သမုပ္ပန္နော။ဓမ္မောလောကေ သမုပ္ပန္နော၊ သံဃောလောကေ သမုပ္ပန္နော၊အတ္တာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ၊ ။ဟူ၍ဟောတော်မူသည်။ ။ဘိက္ခဝေ၊ရဟန်း တို့။ဗုဒ္ဓေါ၊မြတ်စွာဘုရားသည်။လောကေ၊လောက၌၊ဓမ္မော။ တရားတော်သည်။လောကေ။လောက၌။သံဃော။ သံဃာတော်သည်။ လောကေ၊လောက-၌-ဥပ်-ဘုံ-၃-ပြင်၌၊ဒေဝမနုဿာနံ။နတ်-လူ-အပေါင်းတို့၏။ဟိတာယ စီးပွါးများစေခြင်းငှါ။သုခါယ၊လူ-နတ်နိဗ္ဗာန်-၃-တန်သောချမ်းသာအကျိုးငှါ။ဥပ္ပန္နော။နေဝန်း-လဝန်းကြီးသို့ပမာ-ပွင့်တော်မူလာ၏။ ၊ဤကဲ့သို့-ဟောတော်မူသည့်အတိုင်း။ဘုရားက-တရားတော်ကမှန်ပါပေ၏၊ သံဃာတော်မှာ။အရိယာကသာ မှန်ပါသည်၊ပုထုဇဉ်တို့ကဖြင့်။ တချို့ ချမ်းသာ-တချို့ဆင်းရဲ၍-မမြဲကြပါ။ ။ယခုကာလ၊ဘာမသိ-ညာမသိတဲ့ပုဂ္ဂိုလ်များကို-မဆိုလေးဘဲ။ ၊ဘုရားသခင် ရှိတော်မူစဉ်ကပင်။(ဒေဝဒတ်နှင့်-ကောကာလိကပဟာ ။သုပ္ပဗုဒ္ဓ ။စိဉ္စမာန)တို့။မြေမျို၍-ငရဲကြအောင်။ဆိုးတာ-ရိုက်တာ ရှိပါသေးသည်။ ၎င်းပြင်။ကမ္ဘာ့ဦးနှင်းဝင်-ပြုတင်ဆောင်တဲ့၊လူ့,ရှင်,ရဟန်းများကိုမနာလို-ဝန်တိုတာနှင့်။ တပည့်ရင်းချာ။ တကာ-တကာမပါ။ရှင်မောဂ္ဂလာန်တို့-ကမ္ဘာ့ဦးနှင်းပွဲမှာ။ ရုပ်နံ့သင်-ပြုတင် မဆောင်ခြင်းအောင်။တရားမနာ ခြင်းအောင်။ ဆရာက-တကာ-တကာမတို့-ဖျက်သည့်အတွက် အသက်သေ၍-ဤကျောင်း တိုက် မှာ။ ၎င်း၏တပည့်-ပြိတ္တာတို့သည်၊ရှင်မောဂ္ဂလာန်တို့-ကုဋိမှာ စားရသည်။နည်း ပြဆရာ-ဘုန်းကြီးပြိတ္တာမှာ။တကာတို့က-ရိုထွက်

သော-မစင်ကိုမှ။ စားရှားသည်ကား။ များစွာ ကြောက်ဖွယ် ရှက်ဖွယ်ကောင်းပါသည်။ မသိရှာ၍-ထင်မိထင်ရာ ပြောတတ်သည်ကို၊ ကိုရင်စန္ဒိမာက။ ဤဒုက္ခမျိုးမှလွတ်အောင်။ စောစောကကြိုတင်၍-အပြစ်မရှိခင်-သတိပေးလိုက်ပါသည်။ ။အမျိုးကောင်းသား-အမျိုးကောင်းသမီးတို့။

ဘုရား-တရား-သံဃာ။ရတနာ-၃-ပါးပေါ်လာခြင်းကြောင့် ချမ်းသာဘူးသည်မှာ။ငါတို့ဘုရားလက်ထက်တော်က။ဓမ္မိကသတင်းသည်၏ ကမ္မဋ္ဌာန်းအသင်းကြီးမှာ။သင်းထောက်ငါးရာ ငှင်းငါးရာ-သင်းထောက် တရောက် တချောက်က။ တပည့် အသင်းသား ငါးရာစီရှိ၍။ အားလုံးပေါင်းသော်။ ၂-သိန်း ၅-သောင်းတို့၏ ဆရာ။ ဓမ္မိက သတင်းသည် ဆရာသည်။သေတော့မည်ဟု-သတိပဋ္ဌာန်တရားတော်ကို နာ၍ငံနေစဉ်၊နတ်ပြည်ခြောက်ထပ်က ရထား ခြောက်စီးနှင့်။ သူ့ထံလိုက်ပါ။ ငါ့ထံလိုက်ပါခေါ်ကြရာ၊ကမ္မဋ္ဌာန်းဆရာကြီး ကလည်း။ အသင်းသားအများ သဘောတူကြသည်။ ဘုရားလောင်းနှင့် မယ်တော်-ခမည်းတော်။သားတော်-သမီးတော်။မိဖုရားပါ။ နောက်ဆုံးငံတဲ့တုသိတာ-နတ်ပြည် ။ ၂-သိန်း- ၅-သောင်း။ တပည့်အသင်းသားအပေါင်းတို့ပါ။အတူလိုက်သလို။ ။ယခု-ခွားထိုးကြီးမြို့-ကမ္မဋ္ဌာန်းပွဲမှာလည်း။ထို့နည်းတူပင်။(ခမြို့ကြီး-ဇာ ရွာ ရွာ ဇခရပ်ရပ်)။ အထပ်ထပ်အာလိန်။တာဝတိံသနှင့်။ ယာမာဘုံမြင့်။ အဆင့်ဆင့် ကြက်သရေ။ တုသိတာနတ်ပြည်မှာ။ အသက်အတိုင်းနေလျှက်။မင်ဖိုလ်နိဗ္ဗာန် သုံး-တောင်ရောက် ရအောင်သာ အားထုတ်ကြရမည်။

ချစ်သားဘို့၊ငါဘုရားကိုယ်စား။ငါဘုရားမရှိသည့်နောက် ၄-ခေါက် ၄-ဦး။ကမ္မဋ္ဌာန်းဆရာတွေပေါ်လာလိမ့်မည်ကို။ ။ စတ္တာရောမေ ဘိက္ခဝေ။ ဝိရဏ္ဏာ ဝိနဲ့ဘာ ဝိသာရဒေ။ ဗဟုသုဘာ။ ဓမ္မဓရာ ဓမ္မာနု ဓမ္မပဋိပန္နာ။ သံဃံ သောဘေန္တိ။

ကာတမေ စဘ္ဘာရော။ ဘိက္ခုဘိက္ခူနိ ဥပါသကာ ဥပါသကီ။ ဟူ၍ စတုကနိပါတ်ပါဠိတော်။ ။ဘိက္ခဝေ။ ရဟန်းတို့။ ဝိရတ္တာ။ တသာသနာလုံး-ပျက်ပြား၍ တရားကောင်းအာ ထုတ်မည့်သူ ကွယ်ပျောက်နေသည့်တိုင်အောင်။ဆင်ပြောင်ကြီးအလား။ မား မားစွဲ စွဲနဲ-မရွှံ့မကြောက်။ နိဗ္ဗာန်ပေါက်လမ်း-ကမ္မဋ္ဌာန်းဆရာ လုပ်၍။ ငါဘုရားကိုယ်စား ဟောခြင်းငှါ စွမ်းနိုင် ကုန် သော။ ဝိနီတာ။ ဤကားဈာန်လင်း။ ဤကားမဲ့ လမ်း။ဤကမ္မဋ္ဌာန်းဖြင့်။ နိဗ္ဗာန်ဝင် ရောက်နိုင်၏ဟု-ဆုံးဖြတ်နိုင်ကုန်သော။ ဝိသာရဒ။ ရဲရင့်ကုန်သော။ဝါ။ သုတ္တံ ဝိနည်း အဘိဓမ္မာ-တတ်လိမ္မာ၍ ကမ်းတဘက်ရောက်။ညာဏ်သုံးပေါက်သျှက်။ မဂ်ဖိုလ်ပြလတ်။ ပရိသာဒ်-၄-သွယ်။ လူ ရှင်-ရဟန်းတို့-အလယ်၌။ ငါဘုရား ကိုယ်စား။ တရားကိုပြ၍။ ငါဘုရားကဲ့သို့-ရဲရင့် ကုန်သော။ ဗဟုသုတာ။အကြားအမြင်များကုန်သော ဝါ။ ပဋိသန္ဓေစိတ်က စ၍-စုတိစိတ်တိုင်အောင်။ အဝိစိက ဗြဟ္မာ့ပြည် တိုင်အောင်။ ငါသူတပါး-ယောက်ကျား-မိန်းမ။ လူနတ်ဗြဟ္မာ-သတ္တဝါ-မ ဟုတ်။ စိတ်တချက်တချက်မှာ။ ခန္ဓာ-၅-ပါး ရုပ်-နာမ်-၂-ပါးသာ ရှိသည်ဟု-သိသည်နှင့်တပြိုင်နက်။ သက္ကာယဒိဋ္ဌိပြုတ်ပြီ။ ထို ခန္ဓာ-၅-ပါး။ရုပ်-နာမ်-၂-ပါးတို့ကို။ အတိတ်-အနာဂါတ်-ပစ္စုပ္ပန် အားဖြင့်။စိတ်တချက် တချက်၌ ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့်။ ခန္ဓာ ငါး ပါးမှာ သစ္စာ-၄-ပါးသာ ရှိသည်ဟု-သိသည်နှင့် တပြိုင် နက်။ဝိစိကိစ္ဆာကွာပြီ။ ဤကဲ့သို့-တဒင်္ဂပဟာန်ဖြင့်-ပယ်လှန်၍။ ဒိဋ္ဌိဝိစိကိစ္ဆာကွာ သျှင်ပင်၊ သောတာပန်လောင်းဖြစ်၍။အပါယ် တံခါးဥတ်ပြီဟု၊ ပဌမဗဟုသုတအကြားအမြင်။ ။ကြွင်းကိလေ သာ-၇-ပါးတို့ကို၊ တနည်းကရအားဖြင့်။ တဒင်္ဂပဟာန် ပယ်လှန် နိုင်လျှင်ပင်။ သကဒါဂါမ် လောင်းဖြစ်ပြီဟု။ ဒုတိယ-ဗဟုသုတ- အကြားအမြင်။ ။ဒေါသမူငွေးကိုတဒင်္ဂပဟာန်ဖြင့်။ ပယ်နိုင် လျှင်ပင်။အနာဂါမ်လောင်းဖြစ်ပြီဟု။တတိယဗဟုသုတ-အကြား

အမြင်။ ။မိဗ္ဗိဂါတပိုးယုတ်-၄-ချ။ ဥဒ္ဒဏ္ဍ-၅-ဖြာ။ ကိလေသာ
တို့ကိုဘဒဂ်ပဟာန်ဖြင့်-ပါယ်လှန်နိုင်ချောင်ပင်။ရဟန္တာလောင်း
ဖြစ်ပြီးသူ။စတုဣဌဗဟုသုတာ။အကြွားအမြင်။အကာယ်၍- သမု
ဒ္ဒေဒပဟာန်ဖြင့်၊ ၄-ချက်သောမဂ်တို့ဖြင့်၊ ပါယ်လှန်နိုင်ချောင်
ပင်။အရိယာသောတာပန်စစ်။ သကဒါဂါမ်စစ်၊ အနာဂါမ်စစ်။
ရဟန္တာစစ်ဖြစ်၍။မဂ်-၄-တန်၊ ဖိုလ်-၄-တန်နိဗ္ဗာန်သို့။ ထုတ်
ချောက်ရောက်ပြီးသူ။ ဗဟုသုတအကြွားအမြင်။ မဂ်ဖိုလ်နိဗ္ဗာန်
ဘိုင်မြင်ကုန်သော။မွေခရာ။ အဘိဓမ္မာကို ဆောင်နိုင်ကုန်သော
ဓမ္မာနုဓမ္မပဋိပန္နာ၊ ဉာဏ်ရုပ်ဉာဏ်နံ့ဉာဏ်ခန္ဓာနှင့်ဖြစ်စေ။ နောင်ဘဝနတ်
ပြည်ကဖြစ်စေ။ နောင်အရိမိတေယျဘုရားရှေ့တော်မှာဖြစ်စေ။
ဉာဏ်၃-ချက်တချက်ချက်၌။ မဂ်ဖိုလ်မရ။ဘဝမနေ။ ငါမသေဘူး။
အရေချောက်ချောက်နောက်မဆုတ်ဘဲ။ တမဲ့ထဲမဲ့၍။ တသဲသဲ
အားထုတ်ခါနေလေ့ရှိကုန်သော။ ဝါ။ဉာဏ်ဘဝရုပ်နံ့နှင့်၊ သော
တာပန်လောင်း။သောတာပန်စစ်။တပါးပါးဖြစ်၍။အပါယ် ၄ ပါး
တံခါးကြီးကို။ တခါထည်း သောတာပတ္တိမဂ်ဉာဏ်ဖြင့် ပိတ်
လျက်။ နိဗ္ဗာန်တံခါးကြီးပွင့်အောင်။ ဓမ္မာနုဓမ္မအကျင့်ကို။အား
ထုတ်ကြိုးပန်း။ကမ္မဋ္ဌာန်းဝင်ခါနေလေ့ရှိကုန်တော။ စတ္တာရော။
၄-ရောက်ကုန်သော။ရဟန်းယောကျ်ား၊ရဟန်းမိန္မ။လူဒါယကာ
ယောကျ်ား။ လူဒါယကာမိန်းမ ကမ္မဋ္ဌာန်းဆရာ-၄-ဦးတို့သည်။
သံဃာသံဃာမဏ္ဍေ၊ ပရိသတ်-၄ သွယ်။ လူ-ရှင် ရဟန်းတို့
အလယ်၌။သောဘေန္တာ။တင့်တယ်ကုန်၏။ဝါ၊ ငါဘုရားကိုယ်
စား။ ကမ္မဋ္ဌာန်းပေခါ။ နိမိတ်မေးခါ။ ဥပစာရသမာဓိရသျှက်။
ဟာထာဘူတ ဝိပဿနာဉာဏ်။ နိဗ္ဗိန္ဒဉာဏ်သို့တက်၍။ မဂ်
ဉာဏ်။ ဖိုလ်ဉာဏ်နိဗ္ဗာန် တိုင်ပြလျက်။ အဆက်အဆက်၊
အသွယ်သွယ်။တင့်တယ်ရစ်ကြကုန်လတ့ံ။ဘိက္ခဝေ။ ရဟန်းတို့။
ဣမေစတ္တာရော။ငါဘုရားမရှိသည့်နောက်။ငါဘုရားကိုယ်စား။

ကမ္မဋ္ဌာန်းတရား ဟောကြားပြသ။ဆုံးမရေစ်မည့်သူ။ ဤလေးဦး တို့ပင်တည်း။

ငါ၏- ချစ်သားချစ်သမီးတို့။ ငါဘုရားကိုယ်စား။ တရား ကောင်းနိဗ္ဗာန်ရပြနိုင်သော။ ကမ္မဋ္ဌာန်းဆရာတွေ။ လူ့ပြည်မှာ- ပေါ် လာလျှင်ပင်။လူတို့အမြင်ကပ်၊ရဟန်းတို့အမြင်ကပ်။ ကိုယ် မတတ်-ကိုယ်မလုပ်ခြင်တာနှင့်။ အမြင်ကပ်။ ကိုယ်တက်သာ မနာလိုဝန်တိုတာနှင့်။မေ့ကျပဲ့တုံး။ရှုန်းသူ-ဖျက်သူ။ ကဲ့ရဲ့ပြစ် တင်သူတွေ။ပေါ်ပေါက်လာကြမည်။ ဘယ်လိုဘဲ ဝန်တိုမနာလို ၍ ဖျက်သောလဲ။ငါဘုရားတန်ခိုး-ငါဘုရား-ဗျာဒိတ်ပေးခဲ့သည့် အတိုင်း။မရိမ်းမရိုင်း။ မထိုက်တန်ကြီးအလား။ငွါးငွါး-ခွနဲ့ခွနဲ့။မရှုနှံ့ မကြောက်၊နောက်သို့မဆုတ်ဘဲ- အားထုတ်ရစ်ကြ။ တစ တစ တနေ့ထက်တနေ့။တလထက်တလ။တနှစ်ထက်တနှစ်၊ လဆုတ် လကွဲ့သို့၊မသူတော်လူဖျက်။ ကမ္မဋ္ဌာန်းပွဲမနှစ်သက်ရဲ့။ ဖျက်မဲ့ သူတွေ။ ပျောက်ပျက် ရှောင်ရှားတိမ်းပါး၍ သွားကြလိမ့်မည်။ ငါဘုရားကိုယ်စား- ကမ္မဋ္ဌာန်းဆရာတို့ကသာ။ တက်သစ်နေ ဝန်း။ထွန်းသစ်သော(လ)ကဲ့သို့။တနေ့တချား။ကြီးပွားတိုးတက် တဆင့်တက်- တဆင့်တက်၍။ မဂ်ဖိုလ်နိဗ္ဗာန်ဝင် ပွားတိုး၍။ အမျိုးမျိုး ကြီးပွား၍ လာပါလိမ့်မည်။ ဤ-၄-ရောက်သော ကမ္မဋ္ဌာန်းဆရာတို့တွင်။ဤမြို့-ဤရွာ။ ဤဌာနဌ-ကမ္မဋ္ဌာန်းဆရာ တယောက်ပေါ်ပေါက် လာသည်ရှိသော်။ ထိုမြို့-ထိုရွာ။ ထို နေရာအနီး။ရွာကြီး-ရွာငယ်။ လူကြီး-လူငယ်။ အသွယ်သွယ် သောတပည့်တို့သည်။ဒိဋ္ဌမျက်မြင်။ငါးပါးသော ကြီးပွားခြင်း တို့ဖြင့်။ ကြီးပွားရစ်ကြကုန်လတ္တံ့။ ။ချစ်သား။ ချစ်သမီးတို့။ သူတပါးတို့က။ ကဲ့ရဲ့ပြစ်တင် ပေတယ်လို့။ မကြောက်မရွံ့ မတုံ့လှုပ်ရစ်ကြနှင့်။ငါဘုရားအစစ်ပွင့်တော်မူစဉ်က။ ဒေဝဒတ် အစစ်။ကောကာလိကအစစ်။သုပ္ပဗုဒ္ဓါ။ စိဉ္စမာနအစစ်တွေပေါ်

လာသောင်လည်း။အစကတော့-အမိုက်တွေမို့။သူတို့ဟာကဘဲ။
လူငကျွဲ။လူငနွားတွေကမှန်တော့မလို။ဟုတ်တော့မလို။ထင်ကြ။
မှတ်ကြ။ခွေးရူးဘုန်းထ-တခဏဖြင့်။လုဗါလတို့ကကူကြဝင်ကြ
ပြီးမှ။တပတစပါးပါး။နဲ့နဲ့ကွဲကျပျောက်ကြပြီးမှ။ အကြိဒေ ဒတ်
ကောကာလိက။သုပ္ပဗုဒ္ဓါ။လူစွမ်းကောင်းတို့မှာ၊မြေပါဘက်ကွဲ။
ငရဲမီးက-ဆွဲယူခေါ်ငင်။မြေမျိုပင်ခံကြရှာလေသည်။ မြေမျို
ခံရဆိုတာအခြားမဟုတ်။ ကိုရင်စန္ဒိမာက။ တခါထည်းပြလိုက်
မည်မှတ်လိုက်ကြ၊ကမ္ဗဋ္ဌာန်းချေတင်၊ရုပ်နံသင်၊ဖျက်တတ်သူ လူ
ရှင်အပေါင်း။မိစ္ဆာဒိဋ္ဌိလောင်းတို့။ ထိုကမ္ဗဋ္ဌာန်းပွဲ။ မဂ်ဝင်ပွဲ။
ဖိုလ်ဝင်ပွဲ၊နိဗ္ဗာန်ဝင်ပွဲကြီးကို။ဖျက်ဆီးဝန့်သော။လူ့ရှင်ရဟန်း
တို့၏အမိုက်မောဟ- အဝိဇ္ဇာတုံးကြီးက။ လေးလန်သောဝန်
ကြီး။အမိုက်ထုံးကြီးတွေကြောင့်။၂-သိန်း-၄-သောင်း။ ပထဝီ
က။ တည်တန့်စွာမခံနိုင်။ ငရဲမီးတွေက-အသက်မရှိပါဘဲနှင့်။
ဖျက်ပြိုအက်ကွဲ၊ ငရဲမီးက၊အလျှံထ၍လက်ကြီးနှင့်ဆွဲယူသ
လို။ အဝီစိငရဲသို့။ဆွဲခေါ်၍သွားသည်ကို။ မြေမျိုသည်။ ခေါ်ကြ
သည်။ကမ္မဋ္ဌာန်းပွဲဖျက်သူအပေါင်း-မိစ္ဆာလောင်းတို့။

ချစ်သားတို့၊ ငါ့ဘုရားကို- ဒေဝဒတ်စစ်။ ကောကာလိက။
သုပ္ပဗုဒ္ဓါ။မိစ္ဆာမာနအစစ်တွေပါဘဲ။ သင်းတို့မှာတော့-ငါ့ဘုရား
ကိုစား။ဘုရားစစ်မဟုတ်သည့်အတွက်။ ဒေဝဒတ်တု။ဒေဝဒတ်
လောင်း။ ကောကာလိက။ သုပ္ပဗုဒ္ဓါ။မိစ္ဆာမာနအတုအလောင်း
တွေကဖျက်လိမ့်မနေဘဲ-သတိထားကြ။ စကားများကို-တခွန်း၊
တလုံးမမှားကြစေနှင့်။ စကားမှား။စကကြကောက်၍၊ ဟိုအိမ်
ရှောက်။ သည်အိမ်ရှောက်။ ကမ္မဋ္ဌာန်းပွဲပျက်အောင်ပြောတတ်
သည်ဟု။ နေယျပုဂ္ဂိုလ်အားဖြင့်။ ဘုရားသခင်ကဆုံးမ - ဗျာဒိတ်
အရိပ်ပြတော် မူခဲ့သည်ကိုလာ၍ သိကြပါတော့၊ တကာကြီး။
တကာမကြီးဘို့။ရဟန်းလောင်း။ပညာတော်သင်- ကိုရင်စန္ဒိမာ

ကဖြင့်၊ ဤမျှလောက်သာ။ ဗျာဒိတ်စကား။ ကမ္ဘာဌာန်းပွဲချား မပျက်နိုင်ကြောင်းကို၊ ကိုရင်စန္ဒိမာကဖြင့်။ ဗုဒ္ဓဘုရားဟော ကြားခဲ့သည်ဟု မြဲလိုက်ပါသည်။

မြတ်စွာဘုရား — ကမ္ဘာဌာန်း ဆရာတယောက်။ ဟောန်း ယောက်ျားထဲက။ ရဟန်းမိန်းမ။ လူဒါယကာယောက်ျား။ လူ ဒါယကာမိန်းမတဲကထွက်၍ ကမ္ဘာဌာန်းဆရာတဦးတယောက် ပေါ်ပေါက်လာသျှင်ပင်၊ ငါးပါးသော ကြီးပွားခြင်းဖြင့်။ နိဗ္ဗာန်ဘိ ကြီးပွားကြောင်းကို ဥပမာ–ဥပမေယျတ္တဖြင့်တတ်၍။ ဘယ်လို သိရပါမည်ဘုရားဟု လျှောက်ထားပြန်ပါ၏။

ဟိမဝန္တံ ဘိက္ခဝေ။ ပဗ္ဗတ ရာဇာနံ နိဿာယ။
မဟာသာလာ။ ပဉ္စဟိ ဝုဍ္ဎီဟိ ဝဍ္ဎန္တိ။ ဧဝမေဝခေါ
ဘိက္ခဝေ ကော သဒ္ဓံ ကုလပုတ္တံ နိဿာယ။
အန္တောဇနော ပဉ္စဟိ ဝုဍ္ဎီဟိ ဝဍ္ဎန္တိ။ ကတမာဟိ
ပဉ္စဟိ။ သဒ္ဓါယ ဝုဍ္ဎိ၊ သီလေနဝုဍ္ဎိ၊ ဝုဍ္ဎိ။
သုတေနဝုဍ္ဎိ။ စာဂေနဝုဍ္ဎိ၊ ပညာယဝုဍ္ဎိ
ဝုဍ္ဎိ။ သဒ္ဓံ ဘိက္ခဝေကော ကုလပုတ္တံ နိဿာယ။
အန္တောဇနော။ ပဉ္စဟိ–ဝုဍ္ဎီဟိ ဝဍ္ဎန္တိ။

ဟူ၍ပဉ္စကအင်္ဂုတ္တိုရ်ဒ္ဓိဟောတော်မူသည်။ ။ဘိက္ခဝေ။ ရဟန်းတို့။ ဟိမဝန္တံ။ ဟိမဝန္တာအမည်ရှိသော။ ပဗ္ဗတရာဇာနံ။ တောင်မင်းကြီးကို။ နိဿာယ။ အမှီတကဲ သဟဲပြု၍။ ပဉ္စဟိ ဝုဍ္ဎိ။ ငါးပါးသော ကြီးပွားခြင်းတို့ဖြင့်၊ ငါ့။ ပင်စည်လုံးပတ်။ အရပ်။ အခက်။ အလက်။ အရွက်။ အပွေး။ အခေါက်အနှစ် ပေါက် ထွား၊ ငါးပါးသောကြီးပွားခြင်းဘို့ဖြင့်။ ဝဍ္ဎန္တိယထာ၊ စည် ပင်ကြီးပွားသကဲ့သို့။ ဧဝမေဝ။ ဤအဘူသာလျှင်။ ဘိက္ခဝေ၊

ရဟာန်းတို့။သဒ္ဒ ံ။သဒ္ဒါတရားနှင့်ပြည့်စုံသော။ ကော ံ ကုလပုတ္တ ံ။ အမျိုးကောင်းသို့၊အမျိုးကောင်းသားဖြစ်သော။ကမ္ဘဋ္ဌာန်းဆရာ တယောက်ကို။နိဿာယ။ အမှီတကဲ့သဟဲပြု၍။ အန္တေဝါသိကာ၊ အတွင်းနေသူ၊ တပည့်တပန်း,လူရှင်,ရဟာန်း, ကမ္ဘဋ္ဌာန်းသမားတို့သည်။ ပဉ္စဟိ ဝဇ္ဇေဟိ။ ငါးပါးသော ကြီးပွားခြင်းတို့ဖြင့်။ ဝဇ္ဍ္ဍ ံ။ ကြီးပွားကုန်၏။ ကတမာဟိ ပဉ္စဟိ။ အဘယ်-၅-ပါးသော ကြီးပွားခြင်းတို့ဖြင့်၊ ဝဇ္ဍ္ဍ ံ။ ကြီးပွား ကြကုန်သနည်း။ သဒ္ဓါယပိ။ ပေးကမ်းစွန့်ကြဲ။ လှူဒါန်းလိုသော သဒ္ဓါအားဖြင့်လည်း။ဝဇ္ဇတိ။ ကြီးပွား၏။ သီလေနပိ၊ သီလအားဖြင့်လည်း။ ဝဇ္ဇတိ။ကြီးပွား၏။သုတေနပိ အကြားအမြင်သုတအားဖြင့်လျှင်။ ဝဇ္ဇတိ၊ ကြီးပွား၏။စာဂေနပိ ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်းအားဖြင့်လည်း။ဝဇ္ဇတိ။ကြီးပွား၏။ ပညာယပိ။လောကီ လောကုတ္တရာ။ မဂ်ပညာ-ဖိုလ်ပညာ-အားဖြင့် လည်း။ ဝါ။ သမထ ဈာန်လင်းက။ ဤကဲ့သို့တက်။ ဝိပဿနာမဂ်ဖိုလ်လင်းက။ ဤကဲ့သို့တက်။ဤကဲ့သို့ပွား။ ဤကဲ့သို့အားထုတ်မှ – နိဗ္ဗာန်ကိုရမည်ဟု အသိညာဏ်ပညာအားဖြင့်။ဝဇ္ဇတိ။ကြီးပွား၏။ ဘိက္ခဝေ။ရဟာန်းတို့။သဒ္ဓ ံ။သဒ္ဒါတရားနှင့်ပြည့်စုံသော။ ကော ံ ကုလပုတ္တ ံ။ အမျိုးကောင်းသို့။အမျိုးကောင်းသားတရောက်ကို။နိဿာယ။ အမှီတကဲ့သဟဲပြု၍။အန္တေဝါသိကာ။ အတွင်းနေသူ။ တပည့်တပန်း။ လူရှင်ရဟာန်းကမ္ဘဋ္ဌာန်းသမားတို့သည်။ ပဉ္စဟိ-ဝဇ္ဇေဟိ။ ၅-ပါးသောကြီးပွားခြင်းတို့ဖြင့်။ဝဇ္ဍ္ဍ ံ။ကြီးပွားကုန်၏။

ယခုအခါ-ရသေ့သာသနာတော်- မလုပ်ကောင်းဘူး-ပြောတတ်သည့်။အသူများစာအုပ်များကြီး-မောင်ဒီဌ။ မဒီဌ၊ပစဝ်ဒီဌတို့ကို၊ မဟုတ်ကြောင်းကိုပြ၍။ ဟိမဝန္တာ တောင်မင်းနှင့်တူသော။အတိတ်ကမ္ဘဋ္ဌာန်းဆရာ၊ခု-ပစ္စုပ္ပန်။အရှင်သာရိပုတ္တရာရသေ့ကြီးအလောင်းကို သက်သေပြလို၍။ ။ချစ်သားတို့၊ဤကမ္ဘာမှပြန်၍ရသေ်။ တသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌

အရှင်သာရိပုတ္တရာအလောင်းတော်-သူဌေးသားသည်။ ရသေ့ဆရာကြီးလုပ်၍။ ကမ္ဘာ့ဗ္ဗာန်းပေစာနှင့်။ ၇-သောင်း။ ၄-ထောင်သောရသေ့တို့သည်။ မြေကြီး - မိုးပြန့်-ဈာန် အဘိညာဏ်ကို ဝင်စား ပျော်ပါး၍နေကြရာ။လောကမှာ-- အနောမဒဿီဘုရား ပွင့်တော်မူ၍။ ကျွတ်ထိုက် သောသူတို့ကို ကြည့်ရှုတော်မူရာ။ သာရိပုတ္တရာအလောင်း၊ သာရဒ ရသေ့ဆရာကြီးမှ တပါး။ ၇-သောင်း-၄-ထောင်သောရသေ့တို့ကို။ ဟေတုဘိက္ခုရဟန္တာ ဖြစ်ကြမည်ကို-မြင်တော်မူ၍။ ကောင်းကင်ဖြင့် စွာန်ပြန်၍။ ၃-သိန်းသော။ရဟန္တာယောကျ်ား- ရဟန္တာမိန်းမတို့နှင့်တကွ ကြွလာ၍။သဗ္ဗညုတရား။တိုးပွားစေခြင်းငှာ။ ရသေ့တို့လာ၍သော သားမျှမခတ်။ အသက်သတ်လွတ်၊ သစ်သီးခဲ့မ်း သစ်ရွက် ခွမ်းတို့ကို။ဘုန်းပေးပြီးမှ။ လက်ရာတော်ချန်။ လက်ဝဲတော်နေ့ နှင့်တကွ။ရဟန်းယောကျ်ား။ ရဟန်းမိန်းမတို့။ စိတ်စေတသိက် စိတ္တဇရုပ်တို့ကို။ ခေတ္တခဏ။ သတ္တမာချုပ်ညှိမ်း၍။ ၇-ရက် နိရောဓ သမာပတ် ဝင်စားရာမှထ၍။ ပဌမ လက်ျာတော်ရန်။ ဒုတိယလက်ဝဲတော်ရန်။ ၂-ပါးကိုတရားဟောစေပြီးမှ။ အနော မဒဿီဘုရား၏ ကိုယ်တော်တိုင်-ဟောတော် မူလိုက်ခါမှ။ ကမ္ဘာ့ဗ္ဗာန်းဆရာကြီး ရသေ့ကိုချန်၍။ကျန်-၇-သောင်း။၄ထောင် သောရသေ့တို့သည်။ တပြိုင်ထည်း တခါထည်း။ ဟေတုဘိက္ခု ရဟန္တာတွေဖြစ်ကြောင်း။ ရသေ့တို့ရှိရာ မပင့်မခေါ်ပါဘဲနှင့်။ ဘုရားရှင်နှစ်သက်တော်မူ၍။ ကိုယ်တော်တိုင်ကြွတော်မူလာ ကြောင်းကို။ဓမ္မပဒအဋ္ဌကထာပါဋိတော်၌ပင်။ ။

ဒေသနာဝသာနေ ဌပေတွာ။ သရဒတာပသံ။
သဗ္ဗေပိ စတုသတ္တတိ သဟဿာ ဇဋိလာ။
အရဟတ္တံ ပါပုဏိံသုတိ၊ တာဝဒေဝတေသံ
ကေသမဿု၊ အာဒိနိ။အန္တရဓါယိံသု။

ဟူ၍ကျမ်းဂန်လာသည်။ ဤမဟာဒွိ ဒေသနာဝသာနေ၊ လက်ျာတော်ရန်၊လက်ဝဲတော်ရန်-၂-ပါးနှင့် ဘုရားကိုယ်တော်-၃-ပါး တရားဟောတော်မူသည်၏အဆုံး၌။သရဒတာပသံ။ ရသေ့ကြီးဖြစ်သော,သရဒကာမဏ္ဍာန်းဆရာကြီးကို။ ဌပေတွာ။ ချန်ထား၍။ သဗ္ဗေပိ။ အလုံးစုံလည်းဖြစ်ကုန်သော၊ စတုသတ္တတိသဟဿဓနိုလာ၊ ၇-သောင်း-၄-ထောင်ကုန်သော ဆံကြစ်ထုံးရသေ့တို့သည် အရဟတ္တ ။ရဟန္တာအဖြစ်သို့။ ပါပုဏိံသု။ရောက်ကြကုန်ပြီ။တာဝဒေဝ။ ထိုဧဟိဘိက္ခု-ရဟန္တာဖြစ်သောခဏ၌ပင်လျှင်။ကေသမဿုအာဒီနိ။ ဆံမုတ်ဆိတ် အစရှိသည်တို့သည်။ ဝါ။ နိကာနည်းအားဖြင့်၊ အာဒိသဒ္ဒါ၏အနက်ပါ။ ဆံပင်မုတ်ဆိတ်။ သွားမြည်းရပ်။ကရား။တံပူ။ ခြင်းတောင်း။ထန်းမိုးကောက်ချော်တော။ သစ်နက်ရေ-အစရှိသည် တို့သည်။ အန္တရဓာယိံသု။ ရဟန္တာဖြစ်သည်နှင့်တပြိုင်နက်။ တချက်ထည်း တကြိမ်တည်း ကွယ်ပျောက် ကြလေကုန်ပြီ။ ထိုဒေသနာတော်၏အခါ-ပိဏ္ဍတ္ထ အဓိပ္ပါယ် အချုပ်မှာ။ ။ရသေ့ဆရာကြီး ယောက်ျားကောင်း တယောက်ကိုအမှီပြု၍။ ရသေ့တွေအထိန်းအသောင်း- ရဟန္တာတွေဖြစ်ကြလေကုန်သည်။ ဤဒေသနာတော်ကို ထောက်လျှင်၊ ဤမြန်မာပြည်၌။၊အညှိသောအလင်္ကာမဏ္ဍာန်း-အားမထုတ်ခြင်ရုံမက။သူတပါးအားထုတ်ဘာ-မနာလိုဝန်တိုသည့်။ဗုဒ္ဓဝေရီတို့က။ ဘုရားသာသနာတော်မှာ။ရသေ့လုပ်ကောင်းဘူး။ ရသေ့မလုပ်ရဘူး။လုပ်လျှင် ဒိဋ္ဌိ ။ပြောကြသောသူတွေ။ရှက်တတ်လျှင်ရှက်၍ သေတို့သာရှိတော့သည်။တို့ဖြင့်-နောက်ကို သည်လိုလိမ်လို ဖြင့် မရဘူးလျှော့ကြတော့။မပြောကြနှင့်။သို့မဟုတ်လျှင်,စိတ်နောက်၍ သေသင့်၏။ မိမိနေရာဌာနကို။ သူတပါးလာ၍။ ကမ္မဋ္ဌာန်းပြတာ မနာလိုဝန်တို၍-ပြောတတ်ပါသည်။ ဥပေက္ခာပြု၍။ သည်းခံကြပါသူတော်ကောင်းဘို့။

ဒို-ကမ္မဋ္ဌာန်းမဝင်။ဓူတင်ဆောင်ပြင်း။ ရုပ်နံ သင်ပြင်း၍။

သူတပါးတို့လဲ။ ကမ္ဗဋ္ဌာန်းမဝင်ခြင်အောင်။ ရုပ်နံ့မသင်-မျိုးတင် မဆောင်ခြင်အောင်-ကဲ့ရဲ့ ပြစ်တင်နေကြသူ။ လူ့မသူတော်အ ပေါင်းတို့။ ယခုပြကဲ့ပြီးသော-ရသေ့တွေ-ရဟန္တာ, ဖြစ်တာကို ကြည့်စမ်းပါ၊ တို့ဘုရားပွင့်၍။ တသောင်းကျော် - နှစ်သောင်း နည်းပါးရသေ့အများကျွတ်တာကိုကြည့်ပြောပါ။ကိုရင်တို့မှ-သိ ပလျှက်၊ အသက်သိက္ခာကြီးသည့်ပုဂ္ဂိုလ်တို့။သာ၍သာသင့်ရပါ မည်။ဘုရားသာသနာတော်တွင်းမှာရသေ့မလုပ်ကောင်း။ရသေ့ မလုပ်ရဘူးပြောကြတာ။သည်စာများကိုမတွေ့ကြဘူး။ မသင်ကြ ဘူးလား။သို့မဟုတ်-ကျိုက်ထိုစာအုပ်ကိုမုန်းလို့။ မနာလိုဝန်တိုလို့ ရန်ဖြစ်လို့-ရေတွဲ့စာအုပ်မှ,စာအုပ်နောက်,စာအုပ်ပေါ့ကို, ကြည့် ရှု၍။ ပြောကြရော့လားလို့။ ရဟန်းလောင်း - ပညာတော်သင်။ ကိုရင်စန္ဒိမာက။ထင်မိပေတယ်။မှားရင်-လွဲရင်-သည်းခံကြပါ။

ရသေ့မလုပ်ကောင်းဘူး ပြောသူတို့။ ကြည့်ရှုစမ်းကြပါ။ ငါတို့-မြတ်စွာဘုရားပွင့်တော်မူ၍။ကပ္ပိလဝတ်ပြည်၌။ နေတော် မူစဉ်,ကုဟက,ရသေ့ဘဦးသည်။ဘာဝရီရသေ့ဆရာကြီးကိုဝတ်ပြု ပစ္စည်းတောင်း၍။ ငါ့အလိုရှိသလောက်ပေးလျှင်။သင့်-ဥကျောင်း ၇-ရက်ရှိလျှင်။ကွဲလိမ့်မည်ဆိုတာ။လွန်မင်းစွာ ကြောက်လန့်နေ ကြောင်းကို။

သစေမေယာစမာနဿ ဘဝံနာနုပဒဿတိ။
သတ္တမေဒိဝသေ။တုယှံ မုဒ္ဓါဖလတုသတ္တဓါ။
တဿဝစနံသုတွာဘာဝရီဒုက္ခိတောအဟု။

ဟူ၍။ ဗုဒ္ဓနိဒ္ဒေသပါဠိတော်-၁-နံပါတ်စာလွှာ-မျက်နှာနံပါတ် မှာကြည့်ပါ။သောတာပသ။ အို-ဘာဝရီရသေ့ဆရာကြီး။ ယေမ ယာ။ငါကုဟကရသေ့သည်။ ယာစမာနဿ။ တောင်းလိုက်သည့် အခိုင်း။ သစေနာနုပဒဿတိ။ အကယ်၍ မပေးသည်ဖြစ်အံ့။

သဗ္ဗမေဒိနီဝေသ။ ၇-ရက်မြောက်သော နေ့၌။ တုသွေး။ သင်ဘာဝရီရသေ့ဆရာကြီး၏။ ။ချွဲ၌။ ဥဒကျွောင်းသည်။ သဗ္ဗဓါ။ ၇-စိတ်၇-ဖြာ၊ ဖလသု။ကွဲပါစေသဘည်း၊ဝါ။ကော်ရချဥကျွောင်း ကွဲ၍သေလတုံ။ဘသာ။ ထိုကုဘကရသေ့၌။ဝင်း။ ပြောသော စကားကိုသုတ္တာ။ ကြားရသောကြောင့်။ ဘာဝရီ၊ ဘာဝရီ ရသေ့ဆရာကြီးသည်၊ ဒုက္ခိတော။ သေလှူခါနီး ကြီးစွ သော ဆင်းရဲသည်အဟု။ ဖြစ်ရှာလေပြီ။ ဤကဲ့သို့ဥကျွောင်း-၇-စိတ် ကွဲခြည်ကိုကြောက်လျှက်၊ မျက်ရည်စက်လက်နေတာကို၊ လွန် စွာသနားကြဘာနှင့်။ သာသနာတော်စောင့် နတ်မင်းဝေလာ၍ ဘာဝရီရသေ့ဆရာကြီးခြောက်ပါနှင့်၊ ဘပည့်ကျင်းသရော လက်ယောက်။ တကြိမ်ချောက်ချောက်။ ၄င်းဘို့ ဘပည့်သယ်၊ ရသေ့ပေါင်း။ဘသောင်းကျော်-နှစ်ထောင်းနီးပါး တပည့်များ နှင့်။ငါ့တို့-ခေါ် တခုသုရားဘံကိုသွား၍။ တရားတော်ကို နာကြ ရလျှင်။ဥကျွောင်းကွဲလွှတ်ရုံ။ချမ် သာ၍မကား။ရှေးရှေးသောဘဝ ကလည်း။ကဿဘန်းဝင်ရှင်နံသင်၍၊သဏ္ဍာသဗ္ဗ။ ဒိဋ္ဌိကိလေသကွာ ဘူးအား ထုဘ်ခဲ့ ဘူးသည့်ဖြင့်၊ ယခုလဲဘဲ- ရသေ့သူတော် စင်။သီလဝန္တ။သခ္ခထသောဂီအားထုတ်၍နေကြသည့်အတွက် မဂ်-၄-တန်၊ဖိုလ်-၄ တန်။နိဗ္ဗာန်ချမ် သာကို။ဘဝေ ၁က်မကျန် ချာန်အဘိညာဏ်နှင့်တကွ။ ပါရမီနှင့်သျှော်စွာ။ သောတာပန်။ သကဒါဂါမ်၊ အနာဂါမ်။ ရဟန္တာနှင့်နိဗ္ဗာန်ကို အမြန်ရကြပါ လိမ့်မည်ဟု။ နတ်တွေကပြောခါမှ၊ ဘာဝရီရသေ့ဆရာကြီး လည်း၊ဘပည့်ကြီးပေါ့၊ တကြိမ်ချောက်ချောက်ကို။ သေ့ဟ်၍ အဇိဋ္ဌကိုလ်း ဆရာဘပည့်ရသေ့ကြီးက၊ ပဉ္စမေးလျှောက်၍ ဖြေကြား၍ဘရားဟောကြွက်ကျူးတော်မူသည်မှာ။

တေနာဘဘဂဝါ။ကာဒေသုဘနာဂ ၊သျှ၊
မနသာနာဘိလောသိသာ။ ကုသလောသဥ
ဓမ္မာနံ။သတောဘိကျွပရိဿဇေတိ။

ဟူသောဂါထာဖြင့် မေးတော်မူသည်၊ အဇိတ။ တပည့်-
ရသေ့တထောင်ကျော်တို့နှင့်တကွပုစ္ဆာမေးလျှောက်လာသော
အဇိတရသေ့သည်ရကြီး။ကာမေသု။ကာမဂုဏ်ငါးပါး-အယုတ်
တရားတို့၌။နာဘိဇ္ဈေယျ။ အလွန်နှစ်သက်မက်မောခြင်းအမှု
မပြုရာ။ မနသာ။ စိတ်ဖြင့်၊နာဝိလော။မနောက်ကြုသည်။ သိယာ။
ဖြစ်ရာ၏။သဗ္ဗဓမ္မာနံ။ အလုံးစုံသောတရားတို့တွင်။ ကုသလော။
မဂ်-၄-ပါးကုသိုလ်သည်။ဝိသုဒ္ဓေါ။အထူးသဖြင့်,စင်ကြယ်၏။
သတော။သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာကွာအောင်။ ကင်းအောင်။
တဒင်္ဂနှင့်-သမုစ္ဆေဒပါယ်လှန်နိုင်မှု။ သောတာပန် တည်မည်၊
သောတာပန်တည်မှု။ အပါယ်တံခါးပိတ်၍၊ နိဗ္ဗာန်ကိုရပေသည်ဟု
အဆိုအလိမ္မာ။ပညာ-သတိနှင့်ပြည့်စုံသော။ဘိက္ခု။ ဆံကြစ်ထုံး
၍။ ဖြူ-ရှာကိုမုန်းတာနှင့်။ တောဆုံ တောင်နေ။ သစ်ရွက်ရှာမှီး၊
သစ်သီး,သစ်ဥကို စားရှဲနေသော- တထောင်ကျော် ရသေ့
တပည့်တွေနှင့်-မေးလာသော-အဇိတရသေ့သည်။ ပရိဗ္ဗဇေ။
သောတာပန်က-ရဟန္တာတိုင်။ မရောအောင် အားထုတ်ရာ၏။
ဤဒေသနာဂါထာ၏ အဆုံး၌။ အဇိတရသေ့ ဆရာကြီး-
ရဟန္တာ - တပည့်ရသေ့တွေက။ သောတာပန်နှင့် နိဗ္ဗာန်သို့
ရောက်ကြကုန်၏။ ထိုရသေ့တို့၏အသုံးအဆောင်၊ ရသေ့-
ပရိက္ခရာတို့သည်၊တခါထည်း ကွယ်ပျောက်၍။ ဖန်ရည်နှမ်း
သော။သင်္ကန်း-သပိတ် ပရိက္ခရာတို့သည်။တခါထည်းပေါ်လွှင်
ဂတ်ဆင် လျက်။ ဘုရားသခင်ကို။ ရှိခိုးလျက် နေကြကုန်၏။
ထိုအကြောင်းကို။ ။

သဟာဂါထာ ပရိသာနာ။ ယေနာ။ ဖြဗ္ဗဇောနသဒ္ဓိံ၊
လ။ တေနာ။ အနေကပါဏာ သဟ ။ ။ နံ။ ဝိရဇံ
ဝိတမလံ။ဓမ္မစက္ခုံဥဒပါဒိ၊ လ။တာသံ ပြုပဇ္ဇာတာသော
အနုပ်ဒါယ။ အာသဝေဟိစိတ္တံ ဝိမုစ္စိ၊ ။

သဟာအရပဟဏ္ဏပတ္တာ။ အဇိန ဇဠာဝါကစိဒ္ဒေဏှာ ကမဏ္ဍလု၊ ကောသာစ မသာ၊ု၊ အနဲ့ ရေပါတာ။ ဘဏ္ဍကာသာ သဝတ္ထ ဝသနော။ သံယာဒို ပဤ စိဝရဝရော။လ။ ဘာဂဝန္တံ နံမသာမာနော နိသိန္နော ဟောတိ။ ။

အငရှိသည်ဖြင့်။ဗုဒ္ဓနိဒ္ဒေသပဋ္ဌာဘော်၌ ဟောတော်မူသည်။ ဘိက္ခဝေ။ ရဟန်းတို့။ယေတာပသာ။ အကြင်ရသေ့တို့သည်။ သဟာဂါထ ပရိယောသာနာ။ ဂါထာကိုဟော၍ပြီးဆုံးသည်နှင့် တပြိုင်နက်သာလျှင်။တောနပြေပွေဘောန၊ထိုသရာရသေ့နှင့်၊သဒ္ဓိံ။ တကွ။အနေကပါကာသဟာသာနံ။ အထောင်မက များစွာကုန် သော။တေသံ။ထိုတပည့်ရသေ့တို့အား။ ဝိရဇံ။ ဒိဋ္ဌိဝိငိကိစ္ဆာ ကိလေသာမြူကင်းသော။ဝိကမလံ။အညစ်အကြေးကင်းသော။ ဓမ္မစက္ခုံ။ပညာမျက်စိ တည်းဟူသောသောတာပတ္တိမင်ညာဏ် သည်၊ဥဒပါဒိ။ထင်ရှားဖြစ်ပြီ။ ၊ဘိက္ခဝေ။ရဟန်းတို့. တာသ ဖြဘာသ။ ထိုဆရာဖြစ်သော၊ အဇိတရသေ့ကြီးအား၊ အနုပါ ဒါယ။တဏှာဒိဋ္ဌိတို့ဖြင့်မစွဲလမ်းမူ၍၊အာသဝေဟိ။ အာသဝေါ တရားတို့မှ။စိတ္တံ။စိတ်သည်။ဝိမုစ္စိ။ လွတ်။ဝါ။ ဆရာရသေ့ ကြီးမှာ–တခါထည်း–ရဟန္တာဖြစ်လေပြီ။

ချစ်သားတို့။ ရဟန္တာဆရာကြီး၊ တပည့် သောတာပန်ဖြစ် သည်နှင့်တပြိုင်နက်။ရသေ့ပရိက္ခရာတွေ–များစွာ ကွယ်ပျောက် လျှင်ပင်။ သင်္ကန်း–သပိတ်–ပရိက္ခရာ– ပေါ်ဘိက္ခု–ရဟန်း တွေ ဖြစ်၍။ဘုရားရှိခိုးလျက်နေကြောင်းကို။ ။ဘိက္ခဝေ၊ ရဟန်းတို့။ တော။ထိုဆရာရသေ့ကြီးနှင့်တကွ။ရသေ့ငယ်–တထောင်ကျော် တို့သည်။သဟာအရဟတ္တပတ္တာ။ ဆရာရသေ့ကြီး ရဟန္တာဖြစ် သည်နှင့်တပြိုင်နက်၊ အဇိနဇဋာ။ ဝါကစီရ။ဒဏ္ဍာ။ ကမဏ္ဍလု။

ကေသခသာနှိ။သစ်နက်ရေ။ဆံကြစ်။ချော်တေသက်နိုး။ဘောင်ခွေး။ကာရား။ ဆံသင်ရှာ်ဆိပ် တ္တူသည်လည်း။ အန္တာရ ဟိတာ။ ကွယ်ပျက် ကုန်သည်ဖြစ်၍။လ။ဘလ္လကာသာ ယာဝတ္တဝသ နေ။ဖြေ့ဘော့နိုဝင်းသော။ဖန်ရည်စွန်းသော-သက်နိုးကို ဝတ် ရုံလျှက်၊သံ သဃ္ဂနိုပတ္တာစီဝရခေရာ။ ဒုကုန်သပိတ်သက်နိုးကြီးကို ဝတ်ရုံလျှက်။ပ။ဘဂဝန္တာ ငါဖြဘ်စွာဘုရားကို· နမဿမာနော။ ရှိခိုးလျှက်။နှိသိန္နော။နေသည်။အဟောသိ။ဖြစ်ပြီ။ ၊ဘောနှော သိသော။အိုဘည့်အပေါင်းတို့။ဝါ။ ဘုရားသာ သနာတော်တွင်း မှာ။ရသေ့ မရှိရဘူး။ ရသေ့သုဘ်လျှင်-ဗိဠ်ပြောဘက်သည့်။ ဗိဋ္ဌိ ချောက်သောင်း-ဘည့် အပေါင်းတို့။ ကြည့်စမ်းကြပါ။ တသောင်ကျော်-ရသေ့ ဘိုနိဗ္ဗာန်ကိုရကြတာ။ ရဟန်းပညာသင် ကိုရင်ကဖြင့်။ သည်စာကို မတွေးဘူး-မကြား ဘူးသို့-ထင်တာ ပါဘဲ၊ သို့ပုတ်လျှင်။ ရန်ဖြစ်၍-မတဲ့၍-ဆွင်းငတ်၍-အရှုပြတ် အောင်-ထွက်ပြေးအောင်-ရေး သည့် စာအုပ်ကို ကြည့်ပြော သည်ထင်တာပါဘဲ၊ မြေဲ့၍ မျိုကြမနေ၊ သတိထား ကြပါ။ အဲ့တပဋ္ဌမပုဂ္ဂိုလ်နိဗ္ဗာန်တာ။ ။

နောက်နောင်ကို အနည်းငယ်ညွှသာ ရေး၍ပြုပ်ပါတော့မည်။ အသေအချာအကြယ်ဘဝင့်ရုဋ္ဌ်ဒေသပါဠိမတော်မှာ ကြည့်ကြ ပါ။ ။ချစ်သားတို့။ဘိသမေတ္တေယျ၊ ဂိုဏ်းဆရာကြီးလည်း။ ထုံနည်းအဘူ။ တပည့်ရသေ့ငယ် ၁ဘောင်ကျော်နှင့်တကွ။ ဆရာကြီးက ရဟန္တာ။ တပည့်တွေက-သောတာပန်နှင့်-နိဗ္ဗာန် သို့ရောက်ကြောင်းကို၊

သဟာဂါထာပရိသောသာနာ။လ။ဘောသ်အနေက။

ပါဘာသဟာသာနံ၊ လ၊ ဓမ္မစက္ခုံဥဒပါဒိ။ လ။

သဟာအရဟတ္တပတ္တာ နိသိန္နောဟောဘိ၊

အစရှိသည်ဖြင့်။ ပုဋ္ဌိနိဒ္ဒေသပ ဋ္ဌိဘော်မှာသင်,ဟောတော်မူ သည်။ ။တိသမေတ္တေယျပညာ။ တိယာနိဗ္ဗာန်တာ။

ပုဏ္ဏပညာဂုဏ်ဆရာကြီးလည်း။ ထို့နည်းအတူ။ ဆရာ-ရသေ့ကြီးမှာ ရဟန္တာ။ တပည့်ရသေ့ တထောင်ကျော်တို့မှာ။ သောတာပန်နှင့်။ နိဗ္ဗာန်သို့ရောက်ကြောင်းကို။

သဟာဂါထပရိယောသာနာ။လ။ ပဉ္စဟိကောဘဂဝန္တ။ နမသသမာနေသာ။ နိသိန္နောပေဟာတိ။ သဗ္ဗာမေ ဘန္တေ ဘဂဝါ။သာဝကောဟာမသ္မိ။

အစရှိသည်ဖြင့်။ရုဋ္ဌနိဒ္ဒေသပါဠိတော်၌ပင်ဟောတော်မူသည် ပုဏ္ဏ ပဉ္စာ-တ ဘိယာနိဒ္ဒေတာ။

မေတ္တဂူရသေ့ဆရာကြီးလည်း။ ထိုနည်းအတူ-ဆရာရသေ့ကြီးက-ရဟန္တာ။တပည့်ရသေ့ဘထောင်ကျော်က။ သောတာပန်နှင့်။နိဗ္ဗာန်သို့ရောက်ကြောင်းကို။

သဟာဂါထပရိယောသာနာ။ လ။ ဘ ဂဝန္တံ နမဿ မာနေသာ။ နိသိန္နောပေဟာတိ၊ သဗ္ဗာမေဘဂဝါ။

အစရှိသည်ဖြင့်။ ရုဋ္ဌနိဒ္ဒေသ ပါဠိတော်မှာပင်ဟောတော်မူသည် မေတ္တဂူပဉ္စာ-စဟုတ္တံနိဒ္ဒေတာ။

ဓေါတက,ရသေ့ဆရာကြီးလည်း။ ထို့နည်းအတူ၊ ရသေ့ဆရာကြီးက,ရဟန္တာ။ရသေ့တထောင်ကျော်က။ သောတာပန်နှင့်။နိဗ္ဗာန်သို့ရောက်ကြောင်းကို။

သဟာဂါထပရိယောသာနာ။လ။သဗ္ဗာမေဘဂဝါ။ သာဝကောဟာမသ္မိ။

အစရှိသည်ဖြင့် ၎င်းပါဠိတော်မှာပင် ဟောတော်မူသည်၊ ဓေါတကရသေ့ပဉ္စာ-ပဉ္စမိနိဒ္ဒေတာ။

ဥပသီဝရသေ့ဆရာကြီးလည်း။ ထို့နည်းအတူ။ ရသေ့

ဆရာကြီးက, ရဟန္တာ။ တပည့်ရ သေ့တထောင်ကျော်က၊ သောတာပန်နှင့်၊ နိဗ္ဗာန်သို့ရောက်ကြောင်းကို၊

သဟာဂါထာပရိယောသာနာ။လ။သဋ္ဌာသမောဘဂဝါ၊
သာဝကောပဟာမသို့။

အစရှိသည်ဖြင့်။ ငှင်းပါဠိတော်မှာပင်၊ ဟောတော်မူသည်။ ဥပသိဝရသေ ပဉှာ–ဆဌမိနိဋ္ဌိတာ။

နန္ဒရသေ ဆရာကြီးလည်း။ထို့နည်းအတူ။ ရသေ့ဆရာကြီး ကရဟန္တာ။တပည့် ရသေ့တထောင်ကျော်က။ သောတာပန်နှင့်၊နိဗ္ဗာန်သို့ရောက်ကြောင်းကို၊

သဟာဂါထပရိယောသာနာ။လ။သဋ္ဌာသမောဘဂဝါ၊
သာဝကောပဟာမသို့။

အစရှိသည်ဖြင့်။ ငှင်းပါဠိတော်မှာပင်။ ဟောတော်မူသည်၊ နန္ဒရသေ့ပဉှာ–သတ္တမိနိဋ္ဌိတာ၊

ဟေမကရသေ့ဆဆရာကြီးလည်း။ထို့နည်းအတူ။ဆရာက ရဟန္တာ။ တပည့်တွေက– သောတာပန်နှင့်။ နိဗ္ဗာန်သို့ရောက် ကြောင်းကို။

သဟာဂါထပရိယောသာနာ၊လ။သဋ္ဌာသမောဘဂါ၊
အစရှိသည်ဖြင့်။ ငှင်းဌပင်ဟောတော်မူသည်၊ ။ဟေမက ရသေ့ပဉှာ–အဋ္ဌမိနိဋ္ဌိတာ။

တောဒေယျရသေ့ဆရာကြီးလည်း။ထို့နည်းအတူ။ ဆရာ ရဟန္တာ။ တပည့်တထောင်ကျော်၊ သောတာပန်နှင့်၊ နိဗ္ဗာန်သို့ ရောက်ကြကြောင်းကို။

သဟာဂါထပရိယောသာနာ၊ ။အစရှိသည်ဖြင့်၊ ငှင်းဌပင် ဟောတော်မူသည်။ ။တောဒေယျရသေ့ပဉှာ–နဝမိနိဋ္ဌိတာ။

ကပ္ပရသေ့ကြီးနှင့်။တပည့်တို့လည်း။ထို့နည်းအတူ။ ဆရာ ရဟန္တာ– တပည့်တထောင်ကျော်တို့။ သောတာပန်နှင့်။ နိဗ္ဗာန် သို့ရောက်ကြောင်းကို။

သဟာဂါထ ပရိယောသာနာ။ ။စသည်ဖြင့်ပင်၊ ငှင်း၌ ဟောတော်မူသည်။ ။ကပ္ပကရသေ့ပဉှာ–ဒသမိနိဋ္ဌိတာ။

ဇမ္ဗုကဏ္ဍိကဆရာကြီးနှင့်။ တပည့်တို့လည်း။ ထို့နည်း အတူ။ ဆရာရဟန္တာ၊ တပည့်တထောင်ကျော်တို့။ သောတာ ပန်နှင့်။နိဗ္ဗာန်သို့ရောက်ကြကြောင်းကို။

သဟာဂါထပရိယောသာနာ။ ။စသည်ဖြင့်–ငှင်း၌ပင်ဟော တော်မူသည်။ ။ဇမ္ဗုကဏ္ဍိကရသေ့ပဉှာ–ဧကာဒသမိနိဋ္ဌိတာ

ဘဒြာဝုဓဆရာကြီးနှင့်။ တပည့်တို့လည်း။ ထို့နည်းအတူ ဆရာ–ရဟန္တာ။ တပည့်တထောင်ကျော်တို့၊ သောတာပန်နှင့် နိဗ္ဗာန်သို့ရောက်ကြောင်းကို။

သဟာဂါထပရိယောသာနာ။ ။စသည်ဖြင့်။ ငှင်း၌ပင်ဟော တော်မူသည်။ ။ဘဒြာဝုဓ။ရသေ့ပဉှာ–ဒွါဒသမိနိဋ္ဌိတာ။

ဥဒကဆရာကြီးနှင့်။တပည့်တို့လည်း။ထို့နည်းအတူ။ ဆရာ ရဟန္တာ။ တပည့်တထောင်ကျော်တို့၊ သောတာပန်နှင့်။ နိဗ္ဗာန် သို့ရောက်ကြောင်းကို။

သဟာဂါထပရိယောသာနာ။ ။စသည်ဖြင့်ငှင်း၌ပင်ဟော တော်မူသည်။ ဥဒကရသေ့ပဉှာ–တေရသမိနိဋ္ဌိတာ။

ပေါသာလရသေ့ကြီးနှင့်။တပည့်တို့လည်း။ ထို့နည်းအတူ ဆရာ–ရဟန္တာ၊ တပည့်တထောင်ကျော်တို့၊ သောတာပန်နှင့် နိဗ္ဗာန်သို့ရောက်ကြောင်းကို။ ။သဟာဂါထပရိယောသာနာ။ စသည်ဖြင့်။ငှင်းပါဠိတော်၌ပင်။ဟောတော်မူသည်။ ။ပေါသာလ ရသေ့ပဉှာ–စုဒ္ဒသမိနိဋ္ဌိတာ။

မေဃသာရာဇ ဆရာကြီးနှင့်-တပည့်တို့လည်း။ထို့နည်းအတူ။ ဆရာရဟန္တာ။ တပည့် တထောင်ကျော်တို့။ သောတာပန်နှင့် နိဗ္ဗာန်သို့ရောက်ကြောင်းကို။ ။သဟာဂါထပရိယောသာနာ။ ။ စသည်ဖြင့်။ရှင်း၍ပြင်ဟောတော်မူသည်။ ။မေဃသာရာဇရသေ့ ပဉ္စာ-ပန္နရသံ ဝိနိဒ္ဒိတာ။

နောက်ဆုံး ဖြစ် ရသေ့ ဆရာကြီး နှင့်။ တပည့် တထောင် ကျော်တို့မှာ။ရှေးနှင့်မတူ-အမူဘောက်ပြန်။ရဟန္တာမပေါ်။ဆရာ တပည့်တွေ အားလုံး။ သောတာပန် နှင့်-နိဗ္ဗာန်သို့ ရောက်ကြ ကြောင်းကို။ ။သဟာဂါထ ပရိယောသာနာ။ ယေတေန ဗြဟ္မ တောန သဒ္ဓိံ။လ။ တေသံ အနေကပါဏ သဟဿာနံ။ ဝိရဇံ ဝိဘမလံ ဓမ္မစက္ခုံ ဥဒပါဒိ။ ။အစရှိသည်ဖြင့်။ရှင်းရှုဋ္ဌနိဒ္ဒေသ ပါဠိတော်၍ပြင့်ဟောတော်မူသည်။ ။ဘိက္ခဝေ။ ရဟန်းဘို့။ ယေ။ အကြင်တထောင်ကျော်-တပည့်ရသေ့တို့သည်။ တေန ဗြဟ္မတောန။ ထိုသိင်္ဂိယဆရာရသေ့ကြီးနှင့်။ သဒ္ဓိံ။ တကွ။လ။ တေသံ အနေကပါဏ သဟဿာနံ။ ထိုအထောင်မကများစွာ ကုန်သော။ တပည့်တထောင်ကျော်ရသေ့ဒယ်တို့အား။ဝိရဇံ။ သက္ကာယဒိဋ္ဌိ-ဝိစိကိစ္ဆာ-ကိလေသာမြူကင်းသော။ဝိတမလံ။ ထိုဒိဋ္ဌိဝိစိကိစ္ဆာ-ကိလေသာ အညစ်အကြေး မရှိသော။ဓမ္မ စက္ခုံ။ ပညာမျက်ဝိတည်းဟူသော။ သောတာပတ္တိ မဂ်ဉာဏ် သည်။ဥဒပါဒိ။ထင်ရှား ဖြစ်တော်မူကြလေပြီ။ဝါ။ ဆရာရသေ့နှင့် တကွ။တပည့်ရသေ့ဘထောင်ကျော်တို့။ တခါထည်း,သောတာ ပန်နှင့်၊ နိဗ္ဗာန်သို့ရောက်ကြလေပြီ။ ။ထိုရသေ့ဆရာတပည့် တထောင်ကျော်တို့သည်။သောတာပန်တည်ကြသည်နှင့်တပြိုင် နက်။ ။သဝ်နက်ရေ-ဆံကြစ်-လျှော်တေ-အစ ရှိသော။ ရသေ့ အသုံး အဆောင် ပရိက္ခရာ တို့-တခါ ထည်း ကွယ် ပျောက် ကုန်လျှက်။ အဝါချောက်ဆယ်-ပြည့်ကျယ်ရဖြိး-မထေရ်ကြီး ကဲ့သို့။သင်္ကန်း-သပိတ်-ပရိက္ခရာ။လွယ်ခါဆင်မြန်းလျှက်။ ယော်

ဘိက္ခူ-ရဟန်း တွေဖြစ်ကြောင်းကို။ ။သဟာ သောဘာပန္န ပဏ္ဏာ၊အဖိနဇဒ္ဓာ။ ဝါကဗီရ။လ။ အန္တရဟိဘာ။သ၊ သံဃာဒို ပဏ္ဏဗိဝရ ဝရော။ ဘာဂဝန္တ။ နမသာ မာနေသ။ နိသိန္နောပေဟာ တိဘိ။

အစရှိသည်ဖြင့် ရုဋ္ဌနိဒ္ဒေသပါဠိတော်၌ ဘုရားသခင်ဟော တော်မူသည်၊ ဘိက္ခဝေ။ ရဟန်းတို့ တော။ ပ၊ တထောင်ကျော် ရှိသော-သိင်္ဂီယ ရသေ့ဆရာကြီးနှင့်ဘာဂွ။ တပည့်ရသေ့တို့ သည်၊သဟာသောတာပန္နပဏ္ဏာ။ သောဘာပန္နတည်၍ အပါယ် တံခါးပိတ်သည်နှင့်. တပြိုင်နက်။ အဖိနဇဒ္ဓာ။ ဝါကဗီရ။ လ။ မသာ၊နှ။သစ်နက်ရေ။ဆံကြစ်သုံး။ လျှော်တေ၊သက်နံ့။ တောင် ဝှေး၊ကရား။တံချူ။ ခြင်းတောင်း။ ထမ်းဒိုးကောက်။ ရောင်းမစ သော။ရသေ့တို့ပရိက္ခရာ။ဆံမုတ်ဆိတ်တို့သည်။အန္တရဟိဘာ။ တခါထည်း-တပြိုင်ထည်း ကွယ်ပျောက်ကြကုန်သည်ဖြစ်၍။ လ။သံဃာဒိပဏ္ဏဗိဝရော။ အခါခြောက်ဆယ်,ပြည့် ကြွယ်ပြီး မထေရ်ကြီးကဲ့သို့။ သင်္ကန်း-သပိတ် ပရိက္ခရာ။ လွယ်ကာဆင် မြန်းသောတာပန်ရဟန်းတော်။တထောင်ကျော်သည်။ဘာဂဝန္တံ။ ငါတို့ဂေါတမမြတ်စွာဘုရားကို၊ဝါ။ ရသေ့လုပ်၍ အားထုတ် ကြတာ။လွန်စွာအားရ။နှစ်သက်တော်မူလှ၍။ဘဝမကွာ။ အနဲ့ နောက်တော်က ပါရအောင်။ တကြိမ် ခြောက်ရောက်သော။ ရသေ့ဆရာတပည့်တို့က ဖြစ်ကြသော။ အရိယာ သောတာ ပန်။သကဒါဂါမ်။ အနာဂါမ်။ ရဟန္တာပေါင်း-တသောင်းကျော် နှစ်သောင်းနည်းပါး၊အလွန်များသောသံဃာတော်ဘို့ကို၊ဘပည့် ရင်းဖြစ်အောင်။ ချွတ်တော်မူသည့်။ ငါတို့-ကျေးဇူးကြီး ရှင်။ ဂေါတမဘုရားသခင်ကို၊နမသာမာနေသ။ အားလုံးဦးချ ရှိခိုးကြ လျက်။နိသိန္နော။ရသေ့လုပ်၍ ကျင့်ကြံအားထုတ် ကမ္မဋ္ဌာန်းဝင် ချ တင်ဆောင်နေကြသည့်အတွက်။ ဘုရားသခင်နှစ်သက်တော် မူတာနှင့်၊ သံဃာတော်ဘောင်သို့ တက်၍။ မင်္ဂလိုလ်နိဗ္ဗာန်သို့

ရောက်လျှက်။အသက်နှစ်သက်စွာ နေကြရသည်။ဟောတိ၊ ဖြစ်တော်မူကြ၏ ဆုတိ။ဤသည်လျှင်။ရသေ့တွေပေါင်း ၈သောင်းကျော်-နှစ်သောင်းခန့်ကို နှက်လုံမြတ်နိုး အားကိုးအားထား၊ ငါတို့ဘုရားသခင်။ မဂ္ဂင်ရှစ်ပါးတရားတော်ကို။ ရွှေနှုတ်တော်က လွှတ်၍။ရသေ့တို့ချွတ်ခန်းအပြီးသည်း။ ။သောဠသဂေပသသိ။ ဘာဝရိရသေ့ဆရာကြီး တပည့်ဂုဏ်းဆရာ ၈ကြိမ်ခြောက် ရောက်တို့နှင့်။ တပည့် ရသေ့ပေါင်း။ ကျော်-၂- သောင်းခန့် ဤတွင်နိဗ္ဗိတံ့။ ။

ဘုရားသာသနာတော်မှာ။ ရသေ့ရှိရဘူး။လုပ်ဖို့ပြောကြသော။ဒေဝဒတ်နှင့်၊ကောကာလိက သုပ္ပဗုဒ္ဓါ။ ဒိဋ္ဌိ-၆-သောင်းတို့။နှောင်လာမဲ့-ပွင့်မဲ့ဘုရား၏သာသနာတော်မှာ။ ဒေဝဒတ်အစစ်။ကောကာလိကအစစ်။ သုပ္ပဗုဒ္ဓါအစစ်။ ဒိဋ္ဌိတွေဖြစ်ရအောင်။ယခု-သာသနာတော်က ကျူတင်၍။ ဘုရားဟောသဲ။ ရသေ့မလုပ်ရ။ရသေ့ရှိလို့ပြောကြတာလား။ တရားမဟုတ်ဘဲ။တရားလုပ်၍ပြောကြတာလား။ ရှေးရှေးသံသရာက။ ကိုယ်ထက်သာမနာသို။ ဝန်တိုနေကြမို့-ပြောတာလား။ ဘုရားဟောမဟုတ်ဘဲနှင့်ဘုရားဟောလုပ်၍ ရသေ့မလုပ်ရ။ ရသေ့မရှိရပြောကြလျှင်၊ ဘုရားကိုစွပ်စွဲ ဆဲရေးရာသည် မည်ကြောင်းကို။ ဝိနည်းပါဠိတော်-ကောသမ္ဗီ ခန္ဓက၌။ တိုက်ရိုက် အမျိုးမျိုး။ မိုးကြိုးပြစ်စကားကို။ ငါပုံ့ဘုရားသခင်။ သာရိပုတ္တရာ အရှင်လျှောက်ထားတော်မူဘူးကြောင်းကို။

တထာဂတေနအဘာသိတံ။ ဘာသိတန္တိ ဒီပေတိ။
သောတထာဂတံအဗ္ဘာစိက္ခတိ။ ။တထာဂတေန
ဘာသိတံ။အဘာသိတန္တိဒီပေတိ။သောအဗ္ဘာစိက္ခတိ။
အစရှိသည်ဖြင့်ဟောတော်မူသည်။ ။သာရိပုတ္တ။ချစ်သား

သာရိပုတ္တရာ။ယော။အကြင်သူသည်၊တထာဂတေန။ ငါဘုရားသည်။အဘာသိတံ၊ရေသေ မလုပ်ရ။ ရသေ့မရှိရဘူးဟူ၍မဟောပါဘဲလျက်။ဘာသိတ၌၊ဟော၏ဟူ၍။ဒီပေတိ။ ဟောပြောပြသ ဆုံးမပြေ ဆိုအံ့။ သာရိပုတ္တ ချစ်သားသာရိပုတ္တရာ။ သော။ ထိုငါဘုရားသာသနာတော်တွင်းမှာ။ ရသေ မလုပ်ရ။ ရသေ့မရှိရဒီဥ္ဇဒိတဲကြသည်၊ဟောကြားသော ပုဂ္ဂိုလ်သည်။ တထာဂတံ။ ငါဘုရားကို။ အဗ္ဘာစိက္ခတိ။ စွတ်စွဲဆဲရေးသည်မည်၏။ သာရိပုတ္တ။ချစ်သားသာရိပုတ္တရာ၊တထာဂတေန။ငါဘုရားသည် ဘာသိတံ။ ရသေ့ဝတ်နှင့်။ရသေ့လုပ်၍၊ တရားတော်ကိုအား ထုတ်လျှင်။ နိဗ္ဗာန်သို့ ရောက်နိုင်ကြောင်းကို။ သက်သေပြခါ ဟောတော်မူပါလျက်။အဘာသိတံ။ဘုရားသာသနာတော်တွင်း မှာ။ရသေ့မလုပ်ကောင်း။မလုပ်ရဘူးဟူ၍ မဟောပါဘဲလျက်။ ဒီပေတိ၊သာသနာတော်တွင်းရသေ့မလုပ်ရ၊ လုပ်လျှင်ဒုက္ခိဟု ပြောပြငြားအံ့။သော။ထိုသာသနာတော်တွင်း။ရသေ့မလုပ်ရဟု ဘုရားမဟောဘဲလျက်၊ ဟောသည်လုပ်၍ ပြောဟောသော ပုဂ္ဂိုလ်သည်။ အဗ္ဘာစိက္ခတိ။ အဗ္ဘာစိက္ခတိ။ ပုဂ္ဂိုလ်မည်၏။ဝါ။ ဘုရားသခင်ကို-မတရားသဖြင့်၊ ပြောဆိုစွတ်စွဲ-ဆဲရေးသော ပုဂ္ဂိုလ်မည်၏။

ထို့အတူတရားမဟုတ်ဘဲ။ ဘုရားဟောတရားလုပ်ပြောက။ ပိဋကတ်-၃-ပုံကိုစွတ်စွဲသည်။ ဆဲရေးသည် မည်ကြောင်း။ ထို့အတူ အရိယာသံဃာတော်။ သောတာပန်။ သကဒါဂါမ်၊ အနာဂါမ်၊ရဟန္တာတို့မဟောဘဲ-ဟော၏။ဟောလျက် မဟော ဘူးပြောက၊ အရိယာသံဃာတော်တို့ကို၊ စွတ်စွဲဆဲရေးသည် မည်ကြောင်းကို။နိတတ္ထနေယျတ္ထအားဖြင့်။ဟောတော်မူသည်။

ဤသို့ဆိုအပ်ခဲ့ပြီးသော၊ ဘာဝရိ၊ ရသေ့ဆရာကြီး၏၊ တပည့်ကြီး- ရသေ့ဂိုဏ်းဆရာ တကျိပ်ခြောက်ယောက်တို့၏

အမည်နာမကိုသိကြမှတ်ကြစေခြင်းငှာ ၊ အကျဉ်းဥဒ္ဒေသ။ ဗုဒ္ဓနိဒ္ဒေသပါဠိတော်၌ပင်ဟောတော်မူကြောင်းကို။ ။အဇိတော။ တိဿမေတ္တေယျော၊ပုဏ္ဏကော၊ အထမေတ္တဂူ၊ဓောတကော။ ဥပသီဝေါစ။နန္ဒောစအထဟေမကော။တောဒေယျကပ္ပါဒုဘယော ဇတုကဏ္ဏီစ၊ပဏ္ဍိတော။ဘဒြာဝုဓောဥဒယောစ။ ပေါသာလော စာပိ။ ဗြာဟ္မဏော။ မောဃရာဇာစမေဓါဝီ၊ ပိင်္ဂိယောစမဟာ ဣသိ၊ ။ဟူ၍ဥဒ္ဒိန်ဂါထာကိုရှုပါ။ ။ဤဗုဒ္ဓနိဒ္ဒေသပါဠိတော်မှာ။ ဘာဝရိ,ရသေ့ဆရာကြီး၏။ တပည့်ဂိုဏ်းထောက်ဆရာ တကျိပ်ခြောက်ယောက်တို့မှာ။ တပည့် ရသေ့ငယ် တထောင်ကျော်။ အားလုံးပေါင်းသော်။ တသောင်းကျော်-၂ သောင်းခန့်မျှဆရာတပည့်။ဗြဟ္မာသောတာပန်နှင့်။နိဗ္ဗာန်ကိုရကြသည်ကို။ကိုရင်စန္ဒိမာကဖြ၍။ ကိုယ်တိုင် တွေ့ကြမြင်ကြဖို့ မဟုတ်လား။ ။နောက်တခါ။ သာသနာတော်တွင်းမှာ။ရသေ့မလုပ်ကောင်းဘူးသို့။ ပြောကြအုန်းမလား၊ ဘုရားဟော-ဘယ်မှာတွေ့ဘူးပါသလဲ။“မစားရသည့်အမဲ။ သဲနှင့်ပက် ”ဆိုဘိသကဲ့သို့။ကိုယ်ကကမ္မဋ္ဌာန်းအလုပ်။ အားမထုတ်နိုင်၍။မသဒ္ဒါ,မသထာ,မနာလို့ ပြောကြတာဘဲလို့။ ရဟန်းလောင်း -ပညာတော်သင်-ကိုရင်စန္ဒိမာကဖြင့်။ အတော်ဘဲထင်မိပေသည်။ တကာကြီး၊တကာမကြီးတို့။

ချစ်သားတို့ ရသေ့မလုပ်ရဘူး၊ငါဘုရားမဟောဘဲ။ ဟောသည့်ပြောသူလဲ။ ငါဘုရားကို ဆဲသည်။ တရားတော်ကောင်းတရားတော်မြတ်ကို ဆဲသည်။ ကမ္မဋ္ဌာန်းဝင်။ မျိုးတင်ဆောင်သည့်လူ သူတော်။ရဟန်း။ သာမဏေ။ သီလရှင်နှင့်-ရသေ့တို့ကိုဆဲသည်မည်၏။ ။ထိုသို့ဆဲဆိုမနာသို၍။ ဝန်ဘို့ကဲ့ရဲ့သူလူ ရှင်တို့ကို။ အရပ်အတော၊ အသရေရှုပ်အောင်ပြုလုပ်သည့်လူရှုပ်မာယာဟူ၍။သခင်ဘုရားဟောကြားတော်မူကြောင်းကို၊ ၊

ယောဗုဒ္ဓံပရိဘာသတိ။ အထဝ တဿသာဝကံ။
ပရိဗ္ဗဇံ ဂဟဋ္ဌံ ဝါ။ တံဇညာဝသလောဣတိ။ ။

သံကိစ္စဇာတ်ပါဠိတော်။ ။ဘိက္ခဝေ။ရဟန်းတို့။ယော။အကြင်သူသည်။ဗုဒ္ဓံ။မြတ်စွာဘုရားကို။ပရိဘာသတိ။ စွတ်ငွဲ့ဆဲရေး၏။အထဝါ။ထို့မှတပါး။တဿ။ထိုမြတ်စွာဘုရား၏၊ သာဝကံ ဝါ။ကမ္ဗဒ္ဒါန်းပင်၊ချပ်နံ့သင်သည့်၊ရဟန်းတော်နှင့် ကိုရင်သာမဏေကိုရင်း။ပရိဗ္ဗဇံ ဝါ၊ကမ္ဗဒ္ဒါန်းဝင် ချပ်နံ့မြင်သည့်။ ဗိမ္ဗိပြုတ်စင်။ပရိုက်ခေါ်တွင်။ သီလရှင်ကိုရင်း။ ဂဟဋ္ဌံ ဝါ။ ဝတ်ဝါဝတ်နီနှင့်။ရသေ့အသွင်။ကမ္ဗဒ္ဒါန်းဝင်။ချပ်နံ့သင်ညှိ၊ အရိယာ ဥပုတ်စောင့်သူ၊လူသူတော်စင်ကိုရင်း။ ပရိဘာသတိ၊ဆဲရေး၏၊ တံ။ရသေ့တွေကို နိဗ္ဗာန်သို့အမြွေ ဘုရားကိုယ်တိုင် ပေးပါလျက်။ဘုရားသာသနာတော်မှာ။ ရသေ့မလုပ်ကောင်းဘူးပြောတာလဲတရားတော်ကို ဆဲသည်။ ဤကဲ့သို့ အနဲနဲ့ဆဲရေးသော သူကို။လောကော။လူ့ပြည်လူရပ်။လူမတတ်ထဲတွင်။ ဝသလော ဣတိ။သူချပ်ဟူ၍။ဝါ၊လူတွင်လူနှိပ်။အသရေချပ်။ သတင်းပုတ်အောင်ပြုလုပ်တဲ့။လူချပ်။လူပွေ။လူလေ။လူရှုပ်။ငရဲဒိုး။ ဂွန်းထိုးအောင်ငုတ်မဲ့သူချပ်ဟူ၍။ဇညာ။သိရာ၏။ဝါ။သိကြလေ။

ချစ်သားတို့။ဤကဲ့ရဲ့ရှုံ့ချတတ် သော။ အပြစ်မဟုတ်အပြစ်လုပ်တတ်။ ရှာတတ်သောသူတို့မှာ။ ငရဲသို့ သာ။စောက်ထိုးမိုးမျှော်။ဘအောင်အောင်ခံကြရကြောင်းကို။ သံကိစ္စဇာတ်ပါဠိတော်၌။

ယေဝဇန္တိ နိရိယေ။ ဥဒ္ဓံပါဒါ အဝံသိယာ။
ဣသီနံ အတိဝတ္တာရော။ သညတာနံ တပဿိနံ။
မနသာဝစေပဒုဋ္ဌေန။ ယောနရောပေက္ခတေမုနိံ။
ဝိဇ္ဇာစရဏသမ္ပန္နံ။ ဂန္တာသော နိရိယံ အဓော။ ။

ဟူ၍ဟောတော်မူသည်။ ။ဘိက္ခဝေ။ရဟန်းတို့။ယေ။အကြင်သူတို့သည်။သညတာနံ၊ ကမ္ဗဒ္ဒါန်းဝင်။ ဓုတင်ဆောင်လျက်။

ကာယာဂစီ။မနေသေချီလျှက်။၃-လီသော။ ဒုစရိုက် အကုသိုလ်ကံ တို့ကို စောင့်စည်းကြကုန်သော။တပဿီနံ။ ချိုးချွန်ခေါင်းပါး အသက်လွတ်စား၍။ တရားကို ကျင့်ကြကုန်သော။ ဇ္ဈာသိနံ၊ ရဟန်းတော်နှင့်။ ကိုရင်သာမဏေ၊ လူသူတော်စင်။ သီလရှင်။ ရသေ့တို့ကို။အတိဝဏ္ဏာရော။အပြစ်မဲ့အပြစ်ရှာလျှက်။နှိပ်စက် ညှဉ်းဆဲ။အကျိုးရှပ်၍။ တန်ခိုးတိမ်မြှုပ်အောင်။ အလွန် ကဲ့ရဲ့ ရှုံ့ချ တတ်ကုန်၏။တော။ ထိုရုပ်နံ့ကိုသင်၍-ချေတင်ဆောင်ခန်း။ ကမ္မဋ္ဌာန်းပွဲလုပ်ထားကို။ကိုယ့်မြို့ ကိုယ့်ရွာ သူတပါးတို့ လုပ် ထား။ကိုယ့်တက်သာထင်၍၊ မနာလို-ဝန်တိုတာနှင့်။ အပြစ်ကို ရှာ၍။အများရှင်လူ-ပြည်သူတို့ပါ။မသဒ္ဓါ-မသဒ္ဓါအောင်။ ပြော ဆိုရှုံ့ချ-ကဲ့ရဲ့ကြကုန်သော။ဒိဋ္ဌိအလောင်း။မသူတော်အပေါင်း တို့သည်။နိရိယေ။ငရဲကြီး-ရှစ်ထပ်။ငရဲငယ်-တရာ့နှစ်ဆဲ့ ရှစ် လုံး၌။ဥဒ္ဓပါဒါ။ ခြေကားရိုးမျှော်။ အဝံသိယာ။ဦးခေါင်းစောက် ထိုး။ဝဇ္ဇန္တိ။အော်ခါ-အော်ခါ-ခံကြ ရကုန်၏။ဝါ။ နောင်တဖန် လူ့ပြည်သို့-ပြန်ရောက်ရလျှင်။ ကိုယ်အား မထုတ်ခြင်-အသာ နေပါတော့မယ်။သူတပါးတို့ကို။ကမ္မဋ္ဌာန်း မဝင်ခြင် အောင်။ချေ တင်မဆောင်ခြင်။ရုပ်နံ့မသင်ခြင်။ရသေ့အသွင်-သစ်ခေါက်ဆိုး ဝတ်ဆင်၍။အရိယာဥပုသ်-ကမ္မဋ္ဌာန်းဝင်ကြသည့်၊လူသူတော် စင်တို့ပါ။ မပြော်ဝန့်ပါ-မကဲ့ရဲ့ဝန့်ပါပြီဟု။ ထိဘိ တာတာနှင့်။ ငိုခါငိုခါ-ခံကြရရှာကုန်၏။

ဘိက္ခဝေ။ရဟန်းတို့။ယော၊ အကြင်သူသည်၊ ပဒုဋ္ဌေန၊ပြစ် မှားလိုသော။စေတသာ၊စိတ်ဖြင့်၊ဝါစိတ်မိုက်။စိတ်တော။စိတ်လေ စိတ်လွှင့်ဖြင့်။ပိဋကစရဏာသမ္ပန္နံ။ပိဋက-၃-ပါး။ပိဋကာ-၈-ပါး။ စရ ဏ-၁၅-ပါးနှင့်ပြည့်စုံသော၊မုနိံ။ကမ္မဋ္ဌာန်းဝင်။ချေတင်ဆောင် လပ်။ပဋိပတ်ကျင့်ကြံ။ နိဗ္ဗာန်ကိုခင်တာနှင့်။ သဏ္ဍာယဒိဋ္ဌိလွှင့် စင်အောင်။ရုပ်နံ့ကိုသင်ကြတဲ့။ သောတာပန်လောင်းဖြစ်သော၊

လူသူတော်စင်။သီလရှင်နှင့်။ ကိုရင်သာမဏေ။ရေ့သေ့။ရဟန်း တွေကို။ သဗ္ဗေပေကျွတော။အကယ်၍- မနှစ်သက်- အမျက်နှင့် တကွကြည့်ရှုကြွားအံ့။ဝါ၊ မျက်စောင်းထိုး၍။ ခေါင်းညိမ့်၍။ ဒေါသဓောနှင့်ကြည့်လိုက်မည်ကြွားအံ့။သော။ ထိုရသေ့အသွင် နှင့်။အရိယာ ဥပုတ်စောင့်သူကို။ညှုစူစောင်းမြောင်း။ မကောင်း အောင်-ပြောတတ်သူ- လူရှင်အပေါင်းသည်။ နိရိယံ။ ပါးစပ် ကောင်း။နှုတ်ကောင်း။ရှာကောင်းနှင့်။ချောင်းမြောင်းစောင်းချိတ် ရိတ်၍-မှိတ်၍။ သူတပါးဘို့-အပြစ်ကိုသာ- ရှာဖွေ ပြော တတ် သောသူတို့၏ခံရာငရဲ၌။အခေါ။ ဦးခေါင်းစောက်ထိုး။ ဂန္ထာ။ မိမိတို့အကုသိုလ်ကံမကုန်မခြင်း။ ငရဲအိုးမှာ။ ကျိုးစွဲအောင် ရောက်၍။ဝဇ္ဇတိ။ခံရလေ၏။ ဝါ။ နောက်တခါ-လူ့ပြည်မှာဖြစ်ရ ၍။ကမ္ဘာမှာနီးပွဲများတွေ့လျှင်။ သူတော်စင်ကို။ အမြင်ကတ်၍။ ဟိုပြော-သည်ပြော။ သည် ပါးစပ်ကို-အပ်နှင့် ချုပ်ထားသလို။ ဝန်တိုစကားမပြောဝန့်ပါပြီဟု။ပလီပလာ။ ငရဲအိုးမှာ၊ ကျိုးစွဲ၍ နှီး။ညီးညီးညှုညှုနှင့်။ပူပူဆာဆာခံရရှာ၏။

ဤပါဠိတော်များကို။ ကိုရင်တို့မှ။သင်ဘူး-ကြားဘူး။ အထူး ကြောက်၍။စာသွင်ရာကထ၍။ဘုရားရန်သူ၊ တရားတော်ရန်သူ သံဃာတော်ကောင်း ရန်သူတွေပေါ်၍-များနေမှဖြင့်။ သူတော် ကောင်း။သူမြတ်လောင်းတွေ။ နေစရာရှိတော့မည် မဟုတ်ဟု။ ရဟန်းလောင်း-ပညာတော်သင်၊ကိုရင်စန္ဒိမာက။ ။ဗုဒ္ဓဝေဒီ အလဇ္ဇိနိဂ္ဂဟသိဟနာဒဗျူဘွယ်ကျမ်းစာအုပ်ကို။ရေးထုတ်လိုက် ပါသည်။မိတ်ဆွေအပေါင်းသူတော်ကောင်းတို့။

ငါတို့ မြတ်စွာဘုရားရှိစဉ်က၊ ရှင်မောဂ္ဂလာန်တို့။ကမ္ဘာမှာနီး ပွဲပျက်အောင်။ မဝင်ခြင်အောင်။ ဈေးတင်မဆောင်ခြင်အောင်။ ရုပ်နံ့ မသင်ခြင်အောင်။ ပြောဆို ကဲ့ရဲ့တတ်သော ဆရာနှင့်။

တကာ–တကာမတို့သည်။ ရှင်မောဂ္ဂလာန်၏ ကျောင်းဘိုက် ကုဋီအိမ်မှာနေ့စဉ်လာ၍။တကာက–စားရသလို။ ၎င်းတကာက ရှိထွက်သည့်, မစင်ကိုမှ။ ဆာရာက–စားရသလို။သေ၍ပြိတ္တာ များမဖြစ်ရအောင်။အပြောအဆိုသတိထားကြ။ရှောင်ကြဉ်ရှားကြ ပါ။ပညာပင်ရှိသော်လည်း။သတိဖြစ်ခဲသနော်။

သာသနာတော်တွင်းမှာ။ ရသေ့မလုပ်ရဘူး။ ရသေ့မလုပ် ကောင်းဘူးပြောကြသည့်၊ဗိဿလောင်းတို့။ရသေ့ရှိရုံ။ လုပ်ရုံမျှ မက၊အတိတ်နှင့်–ပစ္စုပ္ပန်။ရသေ့နှစ်တန်။ ပဒုံပြန်လုပ်၍။ နိဗ္ဗာန် ကိုရတာများကို၊ကြည့်စမ်းကြပါ။ နောက်ခါ စာနှင့်စကားပြော ကြတော့မှ။နားထိုင်းကို။မိုးကြိုးပြစ်သလို။ လူအ–အိမ်မက် မက် သလို။မနေကြနှင့်။ကိုးဆယ်နှစ်ကမ္ဘာထက်က။မင်းသားညီနောင် ရှင်တထောင်အလောင်းတော်တို့၊ ရှေးနှသော ဘုရားလက်ထက် ၉၂–ကမ္ဘာထက်က။ရသေ့တို့အသွင်နှင့်။ သစ်ခေါက်ဆိုးဝတ် ဆင်၍။ ။သခု–နွားထုံးကြီးမြို့။ ကမ္မဋ္ဌာန်းပွဲမှာ။ အရိယာဦးပုတ် စောင့်သည့်။လူသူတော်စင်ကမ္မဋ္ဌာန်းငင်သူတို့လို။ ။အဟို သံသရာက။ ၉၂–ကမ္ဘာက။ အရိယာ ဦးပုတ် စောင့်ကြသူ။ မင်းသားညီနောင် လူသူတော်စင်တထောင်တို့ကို ပြလိုက်မည်။ အတိတ်ကတော့–ရသေ့အသွင်။လူသူတော်စင်ပါ။ ။ပစ္စုပ္ပန် တို့ဘုရားလက်ထက်ကြမှ၊ ရသေ့အစစ်နှင့်။ နိဗ္ဗာန်ကို တခါ တည်း။ တကြိမ်ထည်းရကြတာ။ မျက်စိပြူး၍။ အသဲစွဲအောင် ကြည့်လိုက်ကြပါ။

ဣတောဟိဒွေနဝုတိကပ္ပေ။ဖုဿဗုဒ္ဓဿ။မဟိန္ဒော
နာမပိတာရာဇာအဟောသိ။

ဟူ၍ဒေသနာတော်၌လာသည်။ ။ဟိသဒ္ဒါ။မှန်၏။ဣတော။ ဤကမ္ဘာမှ။ ဒွေနဝုတေကပ္ပေ။ ၉၂–ကမ္ဘာထက်၌။ ဖုဿဿ၊ ဖုဿအမည်ရှိသော။ ဗုဒ္ဓဿ။မြတ်စွာဘုရား၏။ မဟိန္ဒောနာမ၊ မဟိန္ဒအမည်ရှိသော၊ရာဇာ။မင်းကြီးသည်။ ပိတာ။ခမည်းတော်

သည်၊အနေဟာသိဖြစ်ဘူးပြီ၊ ။ထိုအခါ။ညီတော်-၃-ယောက်
က။နောင်တော်ဘုရားကို၊ ကိုးကွယ်ကြရန်-ဖောင်းပန် ကြွတော
နှင့်။ ခမည်းတော်မင်းကြီးက။ တလစ်ပေး၍။၊ ဝါတွင်း-၃-လ
ပေါင်းစပ်၍။အဘသက်မြဲအောင်။ချုပ်ဘင်အနေပ်နေင်နှင့်။ နေသော့
တို့အသွင်-သစ်ခေါက်သိုးဝတ်ဆင်၍။ အရိယာ ဥပုတ်စောင့်၍။
ယခု-ပနံ့ငှန်မှာ။ ရသေ့အစစ်နှင့်။ နိဗ္ဗာန်ကို ရဘူးကြောင်းကို၊

သာရဉ္စာတ။တေနဟိ။ဘယော ခါ သေး ဘော ဇေဟာတိ
အာဟ။ တေတုဠာယ။ရေဇာနံ၊ ဝိန္ဒိတွာ။ တော ကွော။
သာပေဘွာ။ မသံနုမံ။ တေမာသံ။ ဒသသိလာနိ၊
ဂဟေတွာ။ခွေကာသာယာနိ နိဝါသေတွာ။ သညာရေ
သဘာဝါသံဝသိဿမ။ဘုမ္မေ ဒေဘုက န်ာ ခါဒါနုပဘ္ဘံ၊
ဂဟေတွာ။ ဒေဝသိကံ ဒေဝသိကံ။ နုဝုတ္တိ သဟာသနံ
ဘိက္ခုနံ၊ ရေခေသဟာဿာနဥ္စ။ သဗ္ဗံ ခါဒနီယ ဘောဇ
နီယံ။ပဝတ္တေ ယျာထမယံ ဟိဏ္ဍာဘော။ ပဌာယ။ နုကိစ္စ
ဝတ္ထမိတိ ဝဒိံသု။ တေ တယော ပိ ဇနာ။ ပရိဂါရ
သဟဿံ ဂဟေတွာ။ ဒသသီလာနိ သမာဒါယ။ ကာ
သာယာနိ ဝတ္ထာနိ။နိဝါသေတွာ ဒိဟာရေယေဝ ဝသိံသု။

မြွပဒအဋ္ဌကထာကြီးမှာကြည့်ပါ။ ။ဘာတာ၊ အနေမောင်
မင်းသား။ညီနောင်-၃-ရောက်တို့၊သာရေ၊သင်တို့အကြောင်း
လေ၌တကား၊တေနဟိ။ ထိုသို့ ၎တို့တွင်။အမြတ်ဆုံး၊ အလွန်
ဆုံး။အကဲဆုံး-သီလအရိယာဥပုတ်ဖြစ်အောင်၊ သစ်ခေါက်ဆိုး
ဝတ်ဆင်၍။ရသေ့အသွင်-လူသူတော်စင်နှင့် ကဆွင့်ခွန်း ဝင်လို
ပါမူကား။တယောမာသေ။ ဝါတွင်း-၃-လ။ဘောဇေထ။ ဆွမ်း
ကျွေးကြကုန်လော့။ဣတိ။ဤသို့။ အာဟ အဘ-မင်းကြီးကဆို၏။
တေ။ ထိုမင်းသား ညီနောင်-၃-ရောက် တို့သည်။ တုမှာသ။

အလွန်နှစ်သက်ကြကုန်သည်ဖြစ်၍။ ရာဇာနံ။ ခမည်းတော်မင်းကြီး
ကို။ ဝန္ဒိတွာ။ ရှိခိုး၍။ မယံ။ ငါတို့ မင်းသားညီနောင် ၃-ရောက်တို့
သည်။ တော။ ဘုံရဲသားတထောင်တို့ကို။ ပဒေသာပေတွာ။ ခေါ်
စေ၍။ ရာမံ တေမာသံ။ ဤဝါတွင်း-၃-လပတ်လုံး။ ဒသသီလာနိ။
ဆယ်ပါးသော-သီလတို့ကို။ ဂဟေတွာ။ ယူ၍။ ဒွေနှစ်ထည်ကုန်
သော။ ကာသာယာနိ။ သစ်ခေါက်-ဖန်ရည်-မြေနီဆိုး တတ်-
အဝတ်မြတ်တို့ကို။ နိဝါသေတွာ။ ဝတ်၍။ သဥ္ဥာရော။ မြတ်စွာ
ဘုရားနှင့်။ သဟာဝါသံ။ အတူတကွ နေခြင်းကို။ ဝသ်သာမ။
နိဗ္ဗာန်ရောက်ကြည်မှန်း၍ ကမ္မဋ္ဌာနံ။ ဝင်ခါနေကြပါကုန်အံ့။ တုမှေ။
သင်တို့သည်။ ဧတ္တကံ။ ကာလံ။ ဒါနဝတ္တံ။ ဤမျှလောက် သော-ဒါန
ဝတ်ကို။ ဂဟေတွာ။ ယူ၍။ ဒေဝသိကံ-ဒေဝသိကံ။ နေ့တိုင်းနေ့
တိုင်း။ နဝုတိ သဟာသာနံ။ ၉-သောင်းကုန်သော။ ဘိက္ခူနံ။
ရဟန်း သံဃာတော်တို့အား၎င်း။ ယောဓသဟာသာနံ။ လက်
နက်ကိုင်သား။ တရေးကိုခင်သည့်-ရသေ့အသွင်-လူသူတော်စင်
တထောင်တို့အား၎င်း။ သဗ္ဗံ။ အလုံးစုံသော။ ခါဒနီယ ဘောဇနီ
ယံ။ ခွမ်းခဲဘွယ်ဘောဇဉ်- အချိုအချဉ်ကို။ ပဝတ္တေယျာထ။
ဖြစ်စေကြကုန်လော့။ မဟိသတ္တံ။ မှန်၏။ မယာ။ ငါတို့သည်။
ဣတော ပဋ္ဌာယ။ ဤနေ့ကိုအစပြု၍။ မယံ။ ငါတို့သည်။ ကိဉ္စိ။
တစုံတခွန်းသော- စကားကို။ နကထာမ။ မပြောမဆိုတော့အံ့။
ဣတိ။ ဤသို့။ ဝတွာ။ ပြောဆိုကြကုန်၏။ တေ တယောဇနာ။ ထို
မင်းသားညီနောင် -၃-- ရောက်တို့သည်။ ပရိဝါရသဟဿံ။
ရသေ့အသွင်။ သစ်ခေါက်ဆိုးဝတ်ဆင်၍။ အရိယာဥပုတ်စောင့်
သူ။ လူသူတော်စင်-တထောင်ကို။ ဂဟေတွာ။ ယူ၍။ ဒသသီလာနိ
ဆယ်ပါးသီလတို့ကို။ သမာဒါယ။ ဆောက်တည်၍။ ကာသာ
ယာနိ။ ဖန်ရည်ဆိုးကုန်သော။ ဝတ္ထာနိ။ သင်္ကန်းအသွင်-နီလွင်
သော-အဝတ်တို့ကို။ နိဝါသေတွာ။ ဝတ်၍။ ဝိဟာရေယေဝ။
နောင်တော်ဘုရား၏ ကျောင်းတိုက်တွင်း၌သာလျှင်။ ဝသိံသု။

ပါတွင်း-၃-လ။ ချေတင်နှင့်တကွ။ အရိယာဥပုတ်စောင့်လျှက်။ ကမ္ဗဋ္ဌာန်းဝင်ခါ။နေကြရာ၌လကုန်ပြီ။ ဤကဲ့သို့ပမျှား။ မကြားဘူး။မသင်ဘူးလို့ပြောကြတာလား။သို့မဟုတ်-ထိုမြို့။ထိုရွာကိုလာ၍ ကမ္ဗဋ္ဌာန်းပွဲလုပ်တာ။ မနာလိုဝန်တိုလို့ ပြောတာလား။ သို့မဟုတ်-ကျိုက်ထိုက၊ ရသေ့နှင့်၊ ပေါန်းတော် - တကာ- တကာမတို့။ ရန်ဖြစ်ကြလို့။ တဖက်တဖက် ယွက်ပြေးအောင်၊ မှုန်းလို့ရေးသည့်စာ ၂-ချပ်ကို-ကြည့်။မချို၍သွားဖြည်းဆိုတာလို။ကိုရင်က-သည်စာချပ်လွဲ။ ပါချင်မှား အားထား၍ ပြောကြသည်ထင်တာပါဘဲ၊နောက်ခါမှ၊ ယောက္ခမကို။ နှစ်မလေးအခေါ်မှားသလို-နေကြမနေဘ်။ ။ရန်ဖြစ်ကြဆိုကား၊ဘယ်တော့မှ-အမှန်မပြောနိုင်ဘူး။ တရောက် တချောက်မခံခြင်၍-လုပ်ကြံပြောကြ။ စာချပ်ထုပ်ကြတာပါ ကြာကြာဝါးမှ-ခါးမှန်းသိကြမယ်။ သည်စာ-၂-ချပ်ကို ပြန်ကြည့်ကြပါ။ ရှေးသံသရာက။ ကိုယ့်ထက်သာမနာလို-ဝန်တိုတာကို။အထုံဝါသနာပါ၍ရှာလို့ခို့၊ အမှုမဲ့အပြစ်ရှာသည့်။ဒိဋ္ဌိ-၆-သောင်း။နှောင်ငါတို့ ဆရာတော်ကြီး-ဘုရားအစစ်ဖြစ်တော့။ တခါတွေ့ဦးမည့် ဒိဋ္ဌိ-၆-သောင်း တပည့်လောင်းတို့။

ဤကား-ရသေ့အသွင်-လူသူတော်စင်နှင့်။စစ်ကိုင်း။မင်းကွန်း ကမ္ဗဋ္ဌာန်းပွဲ။နွားထိုးကြီး-ကမ္ဗဋ္ဌာန်းပွဲများသို့။ အရိယာဥပုတ်စောင့်သည့်အခဏ်း- နိဋ္ဌိတံ၊

ရှုလိုက်စန်းကြ-ထာဝရ။

ငုင်းပြင်။ပန်းတနော်။ပြောင်းမြ၊ဝါးခယ်မ။အိမ်မဲ။ရွှေလောင်းညောင်တုံး၊ရန်ကုန်။ မော်လမြိုင်။ ရခိုင်-၄-မြို့၊ရေး။ ဘိတ်။ ဒါးဝယ်။ တနင်္သာရီ။ အလယ်မြေသစ်-မြို့တွေကစ၍။ အထက်ကိုကာသာ။ရွှေဂူ။ ဗန်းမော်တိုင်အောင်၊ ဤကဲ့သို့-ရသေ့အသွင်နှင့်

ကမ္မဋ္ဌာန်းခင်၍။ အရိယာဥပုတ်သမားတွေဟူ၍။ ကော်မရချမှတ်ကြရမည်၊

ဤဖုဿဘုရား၏ညီတော်-မင်းသား-၃-ယောက်နှင့်။ရဲသား တထောင်တို့သည်၊ နွားထိုးကြီးဘာဘိုင်ကုန်း- ကမ္မဋ္ဌာန်းပွဲကဲ့သို့။ရသေ့အသွင်-လူသူတော်စင်။ ယခုပစ္စုပ္ပန် - ငါတို့ဘုရား လက်ထက်တော်ကြမှ၊ရသေ့တွေကို၊ ကြည့်လိုက်ကြ။ ဥပမာ ဆိုသော်-မျက်စိကမှုံဝါးဝါးနှင့်။ (ယောကျ်ားမကိုနှစ်မလေး)ခေါ် မွားခေါ် မိသည့်အတွက်။ထွက်ပြေးရသလိုနေမနေ၁။ယခုလာမဲ့ ဥရုဝေဠကဿပ။ ဂယာကဿပ၊ နဒီကဿပ ညီနောင်တို့နှင့်။ ရှင်တထောင်တို့သာ။ရသေ့ပါ။ တကာတကာမတို့၊ [သရေသံ နှင့်-လေသံ]ခြားဆိုသကဲ့သို့မှတ်ကြပါ။ အကယ်၍- ယခုကမ္မဋ္ဌာန်းပွဲအရပ်ရပ်။အချို့အချို့မှာ၊ ၇-ရက်။၁၀ ရက်။၁၅- ရက်။တလလုံး၍အရိယာဥပုတ်စောင့်သူတို့။ ရသေ့-ရဟန်းစစ် ဖြစ်ခဲ့ပါလျှင်၊ လင်သွား၍မယားကြိုနေခဲ့သော်ငင်း။ မယားက- သစ်ခေါက်ဆိုးဝတ်လျှက် ထွက်သွားအားထုတ်၍။ ၇-ရက်စေ့ လျှင်၊ အိမ်ထောင်ပရိဘောဂ။ မရလက်လွှတ် ကြောင်းကို၊ ဥပဓေ မှာကြည့်ပါ။ ရသေ့။ရဟန်းထွက်က။ အိမ်ကိုမပြန်ရ၊ ပြန် လာသော်အမွေပြတ်ပြီး။စွန့်ပြီးဖြစ်၍မရပြီ။။ ဤကားအမှာစကား။ ငါတို့-ဂေါတမဘုရားလက်ထက်မှာ၊ ဤမင်းသားညီနောင်-၃ ယောက်နှင့်၊ရသေ့တထောင်တို့ ခွတ်ခန်းမှာ။ရသေ့ကို။ အသေ အချာမှတ်လိုက်ကြည့်လိုက်ကြပါ။ နောင်ခါ-လူထည်းပရိသာတ် ထည်း။(ကြွားနှင့်-ဆင်)ရင်ဆိုင်ခွေ့ကြသလိုတွေ့ခါမှ။နွားထိုင်း ကို။(မိုးကြိုးဖြစ်၍သိ) သလို။ ( လူ-အမှာ-အိမ်မက်၍-မပြော တတ်)သလို.ကိုရင်တို့နှင့်တွေ့မှ၊အသလိုဆွံ့သလိုမလုပ်နှင့်။တ ခါတော့ တွေ့ရလိမ့်မည်ဘု။ မြော်လင့်စာ-ရေးလိုက် ပါသည်။ ထို့ကြောင့် မြတ်စွာဘုရားသည်။ ဝိနည်းမဟာဝါ ပါဠိတော်၌။

သဗ္ဗေဝမယာံ မဟာသမဏော၊ ဖြဲ့ဘူ့စရိယာံ စရိသ္မာမာတိ။ အထခေါ၊ ပောဇဗ္ဗိုလာ။ ကောသမ်ိယာံ။ ဇဗ္ဗိုမ်ိသာံ။ ခါရိကာဇမ်ိသာံ။ အဂ္ဂိဟုတမ်ိသာံ။ ဥဒကေပဝါပေတွာ ယောနဘာဂဝါ။ တေနုပသင်္ကမိံသုတိ။ လ။ ဘောဘိက္ခုဝေါတိ။ ဘဂဝါ အဝေါစ။ ပ။ သာဝတေသံအာယသ္မန္တာနံ ဥပသမ္ပဒါ အဟောသိ။

အစရှိသည်ဖြင့်ဟောတော်မူသည်။ ဘောဒန္တာတာပသာ၊ အိုး-ရသေ့အပေါင်းတို့။ သဗ္ဗေဝမယံ။ အသုံးစုံ-ငါးရာသော ရသေ့ အပေါင်းတို့သည်သာလျှင်။ မဟာသမဏော။ ဂေါတမ ဘုရားရှင်အထံတော်၌။ ဖြဲ့ဘူ့စရိယံ။ မြတ်သောဥပသမ္ပဒရဟာန်း အကျင့်ကို။ စရိသ္မာမ။ ဖေဟိဘိက္ခုရဟန္တာနှင့်။ တခါထည်းကျင့် ကြကုန်အံ့။ ဣတိ။ ဤသို့။ မန္တေသုံ၊ တိုင်ပင်ကြကုန်၍။ အထပစ္ဆာ။ ထိုသို့တိုင်ပင်ပြီး။ တေဇဗ္ဗိုလာ။ ထိုရသေ့တို့သည်။ ဝါ။ တော ထွက်သည့် နေ့ကာလ၌။ မြို့ရွာမပြန်။ သစ်သီးဝလံ။ ရှာကြံ စားမွေး။ ဘောပျားတောင်ခြေ။ အမြဲနေကြတဲ့၊ ဥရုဝေဠရသေ့ ငါးရာတို့သည်၊ ကောသမ်ိသာ။ ဆံကြစ်နှင့်ရေသော။ ဇဗ္ဗာ မ်ိသာ။ ဆံထုံးနှင့်ရေသော။ ခါရိကာဇမ်ိသာံ၊ ထမ်းပိုးကောက် ပြာစစ်ထမ်းပိုးနှင့်ရေသော။ အဂ္ဂိဟုတမ်ိသာံ။ မီးမွှေရောင်းမ နှင့်ရေသော။ ရသေ့တို့အသုံးအဆောင်။ ပရိက္ခာရဟူသမျှကို။ ဥဒကေ။ အရည်တဝေ့တေ့ဝ။ စီး၍နေသော။ မြစ်ကြီး ထည်း၌။ ပဝါ ဟေတွာ။ မျှော၍။ ယေနံ။ အကြင်အရပ်၌။ ဘဂဝါ။ မြတ်စွာဘုရား သည်။ အတ္တိ။ ရှိ၏။ တေန။ ထိုအရပ်သို့။ ဥပသင်္ကမိံသု။ ကပ်ကြလေ ကုန်ပြီ။ ပ။ ဘိက္ခဝေါ၊ ရဟန်းဘို့။ ဧထ။ လာ ကြကုန်။ ဣတိ။ ဤသို့။ ဘဂဝါ။ မြတ်စွာဘုရားသည်။ အဝေါစ။ ဖေဟိဘိက္ခုခေါ်တော်မူ ၏။ တေသံအာယသ္မန္တာနံ။ ထိုငါးရာသောဆံကြစ်ထုံးရသေ့တို့ အား။ သာဝ ဥပသမ္ပဒါ။ ထိုဖေဟိဘိက္ခု။ ဥပသမ္ပဒ-ရဟန္တာ အပေါင်းသည်။ အဟောသိ။ ဖြစ်တော်မူပြီ။ ဝါ။ တခါထည်း

တကြိမ်ထည်း။ အဝါ ခြောက်ခါယ်-ပြည့်ကြွယ်ရပြီး။မထေရ်ကြီးကဲ့သို့။သက်နုး။သင်ိဘ်။ပရိက္ခရာ။ လွယ်ခါဆင်မြိန်း။ ဗောဓိကြွုရဟန္တာ- ငါးရာဖြစ်တော်မူ၏။ ထို့အတူ-ဆရာရသေ့ဿရာကဿပနှင့်။ တပည့်-ရသေ့-၃၀၀-တို့လည်း။ ထို့နည်းအတူ။ဗောဓိကြွုရဟန္တာတွေဖြစ်ကြောင်းကို။

> သဗ္ဗေဝ မယ်ံ၊ မဟာသမဏော ဖြပ္ပစရိယံ
> စရိဿာ မာတိ။ အထခေါ။ တေ ဇဋိလာ။
> ကေသမိဿံ။ဇဋာမိဿံ။ အဂ္ဂိပုတ မိဿံ၊
> ဥဒကေ ပဝါ ဟေတွာ။ လ။ သာဝတေသံ
> အာယသ္မတ္တန္တာနံ ဥပသမ္ပဒါအဟောသိ။

အစရှိသည်ဖြင့်ဟောတော်မူသည်၊ ထို့အတူ-ဆရာရသေ့နဒီကဿပနှင့်။ တပည့်ရသေ့ငယ်-၂၀၀-တို့လည်း၊ ထို့နည်းအတူ-ဗောဓိကြွုရဟန္တာဖြစ်ကြောင်းကို။

> သဗ္ဗေဝမယံ၊ မဟာသာမဏော ဖြပ္ပစရိယ
> စရိဿာမာတိ။အထခေါ။ တေဇဋိလာ။ ကေသ
> မိဿံ၊ဇဋာမိဿံ။အဂ္ဂိပုတမိဿံ။ ဥဒကေ
> ပဝါဟေတွာ။လ။ သာဝတေသံအာယသ္မန္တာနံ။
> ဥပသမ္ပဒါအဟောသိ။

အစရှိသည်ဖြင့်-ဗောဓိကြွုရဟန္တာ-၂၀၀-ဖြစ်ကြောင်းကို။ဟောတော်မူသည်။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်သော။တေမယံ၊ထိုနဒီကဿပ။ရသေ့ဆရာကြီးနှင့်တကွ။ နှစ်ရာသောရသေ့တို့သည်။ ဝါ။တံချူ။ချင်းတောင်း-ကရေး။ မီးမွှေးရောင်းမ။ပြာစစ်ထမ်းမိုးနှင့်တကွ။မြို-ရွှာမပြန်။သစ်သီး ဝလံ၊ ပန်းမှန်ရှာစား။တောဖျား-တောင်နေ။ ရတ်ဆိတ်မွှေးတွေနှင့်၊ ကျော့ဖုတ်။ကြာဥ၊ သစ်မြစ်ဖုစား၊ ငါတို့ရသေ့အများ တို့သည်၊ မဟာ

သာမဏေ။ဂေါတမသာခင်,ဘုရားရှင်အဘော်တော်၌။ ဖြဟ္မစရိယံ ဖြတ်သောအကျင့်ကို။စရိယာမ။ ကျင့်ကြကုန်အံ့။ ဇာတိ။ဤသို့။ ကောသမိသာ။ ဆံနှင့်ရောသော။ ဇဋာမိသာ။ ဆံထုံးနှင့်ရော သော။အဂ္ဂိပဟုတမိသာ။မီးမွှေးရောင်းမနှင့်ရောသော။ ရသေ့ တို့ပရိက္ခရာအပေါင်းကို။ ဥဒကေအရည် တဝေ့ဘွေးသော မြစ်ရေ၌။ပဝါဟေတွာ။ မျှော၍။ ဝါ။ ရှေ့နှင့်တံပူယူလားခဲ့သမျှ။ တာပသနှင့်။ရသေ့တို့ ရှိသမျှဥစ္စာပရိက္ခရာနှင့်တကွ။ အကုန် မျှောလိုက်၍။ယော နှ။ အကြွင်အရပ်၌။ ဘဂဝါ။ မြတ်စွာဘုရား သည်။အဓ္ဓိ ရှိတော်မူ ၏။တေန။ ထိုဘုရားရှိရာ အရပ်သို့။ ဥပ သင်္ကမိံသု။ကပ်ကြကုန်ပြီ။လ။ဘိက္ခဝေ။ ရဟန်းတို့။ဧထ၊ လာ ကြကုန်။ ဇာတိ။ ဤသို့။ ဘဂဝါ။ မြတ်စွာဘုရားသည်။ အဝေါစ။ ဧဟိဘိက္ခု-ခေါ် တော်မူ၏။တေသံအာယသ္မန္တာနံ။ထိုရသေ့တို့ အား။ဝါ။မြို့ရွာအားလုံး၊အကုန်မှန်း၍။ ဘဝဆုံးကျွန်၊ သစ်သီး ဝလံ-လိုက်လန်ရှာစား။ နှစ်ရောသောရသေ့တို့အား။ သာဝဥပ သမ္ပဒါ။ထိုဧဟိပဉ္စင်းသည်။အဟောသိ။ဖြစ်ပြီ။ဝါ။အဝါခြောက် ဆယ်-ဖြည့်ကြွယ်ပြီး-မထေရ်ကြီးကဲ့သို့ သင်္ကန်း။ သပိတ်။ ပရိက္ခရာ။ လှွယ်ကာဆင်မြန်း။ ဧဟိဘိက္ခု-ရဟန်းအနှစ်ရာဖြစ် တော်မူ၏။

စာမတ္တာတ်ဘဲနှင့်-ပစပ်မြဲတိုင်း, သာသနာတွင်းမှာ။ ရသေ့ မလုပ်ရဘူး-မလုပ်ကောင်းဘူး ပြောတတ်သည့်။ဒိဋ္ဌိအလေ့ကောင်း မသူတော်အပေါင်းတို့။ ရသေ့ တထောင်ကျော် ဖြတ်ခန်းကို ကြည့်ပါဦး။ ဘုရားကိုယ်တော်မှာ။တန်ခိုးတော် တထောင်ပြ၍ ကည်၊.ကည ခသလို။ရသေ့တို့နေရာ။ တောမြိုင်သာသို့။မပင့် မခေါ်ဘဲနှင့်။တောကြီးထည်းသို့ကြွပြီး။အနေနေ့အရက်ရက်၊ချစ် ခင်တော်မူ။ နှစ်သက်တော်မူလှတာနှင့်။ ငါတို့ဘုရားကလည်း။ ယရိသာတန်ညည်းသေးသည့်အတွက်။တကိုယ်ထည်း ထွက်တော်

မှု၍၊ရသေ့တထောင်နှင့်။ မင်းသားရသေ့ညီနောင်–၃–ရောက် တို့ကို။ အကြိမ်ကြိမ်–အခေါက်ခေါက်။ ငါ့လက် တွင်းသို့ မရောက်မနေဟူ၍။ အားထုတ်တော်မူ။ တရားဟောတော်မူ၍။ တန်ခိုးပေါင်းတထောင်ပြအံ့ ၂တ်မှာ။ရသေ့,ရဟန္တာဘထောင် နောက်ပါနှင့်။ ရာဇဂြိုဟ်ပြည် အလာမှာ။ သိကြားမင်းလာ၍။ ကပ္ပိယ–သပိတ်ကိုင်–လုပ်ပေးရှာသေးတယ်။ ငှင်းပြင် အရှင် သာရိပုတ္တရာနှင့်၊ အရှင်မောဂ္ဂလာန် တို့လည်း။ ရသေ့ပုရိုက် တွေကမှတက်၍။ယောဓမ္ဘာ။ဟောတုပဘာဝါဂါထာနှင့်။သောတာ ပန်ကစ။ နှစ်ပါးလုံး–ရဟန္တာတိုင်ဖြစ်ကြလေသည်။"ဆင်မဲ့နှင့် ဆင်ဖြူတော်" ကို၊ဖုံ၍ပြတော့မှ။ ကွာမှန်း– ချားမှန်း၊ အလွန် ကွာခြားမှန်းသိကြသကဲ့သို့။ ယခုလဲဘဲ။အပတ်ဖြူနှင့်။ ရသေ့ ဝတ်မှာ,အလွန်ကွာခြားပါသည်။ ဆင်ဖြူတော်နှင့်။ ဆင်နက် ကြောင်–လယ်ပင်းကြားသည်၊တူရောင်ဖိုးမှား။အပုံကြီးဘဲကွာ ခြားသကဲ့သို့။ထို့အတူ။ ယခုပြပြီး–ဗုဒ္ဓသာသနာရေးလက်ထက်က။ ဝါတွင်းသုံးလ။ရသေ့အသွင်။ လူသူတော်စင်။ အရိယာဥပုတ် စောင့်စဉ်။ထမင်းဘောဇဉ်သည်၊ ခဲဘွယ်အမျိုးမျိုးစားပါသည် အဝတ်မှာလည်း–သစ်ခေါက်ဆိုး–တခုသာ ရှိပါသည်၊ ရသေ့ မဟုပ်လို့ရို့။ ရသေ့ ပရိက္ခရာ မပါတာ–ကြည့်လိုက်ကြနော်။ ယခု–နောက်ပြသည့်။ဥရုဝေဠကဿပကစ၍။ ရသေ့ဘထောင် တို့မှာ။ ရသေ့ပရိက္ခရာတွေ။ ရေမှာမျှောလိုက်ရတာ,ကြည့်ပါ ရှုပါ။နောက်ခါမှ'ကြက်ဥ'မှာအပရှာ၍မရသလို။မလှုပ်ရအောင်။ ကြောင်တောင်ကန်းတဆွေ့မကြောက်သလို။ အပြောမျိုး.ပါ။မှား ပါပြီ–ဝန်ချလျှင်လဲ။ ကိုရင်က ကြေနပ်ပါသေး၏။ မိတ်ဆွေ အပေါင်းသူတော်ကောင်းတို့။

ဘုရားသာသနာတော်မှာ – ရသေ့မလုပ်ကောင်းဘူးပြော သည့်။မိတ်လောင်း။ ဆာလောင်း–ဗိဋ္ဌလောင်းဘို့။ သေသေချာ ချာဂရုနကြည့်ပါ။ ဂေါတမဘုရားလည်း။ ဗျာဒိတ်ပေးတုန်းက။

"ရသေ့ဘဲ"။ ။ဗေဒပင်အောက်-ရောက် သည့်တိုင်အောင် ဘုရားမဖြစ်မီ-ရသေ့ပါဘဲ။ ။ပဉ္စဝဂ္ဂီရသေ့-၅-ရောက်လဲ ရသေ့။ တို့-ဘုရားလောင်းသိဒ္ဓတ္ထ-တော ထွက်တော့-ရသေ့ ဘဲ၊ ။ဘုရားလောင်းဆရာ-အာဠာရလဲ-ရသေ ။ ၎င်း၏ဆရာ ဥဒကလဲရသေ့။ ။ဘုရားဖြစ်၍-သဗ္ဗညုတဉာဏ်တော်ရမှ။ ဇဗ္ဗဟင်ငစ်-ဘုရားဖြစ်တော့။ ရဟန္တာဖြစ်တော့သည်။ ။၎င်း နောက် ပဉ္စဝဂ္ဂီ-၅-ရောက်လဲရသေ့။ ။ရှင်တထောင်တို့လဲ ရသေ့က-တက်သည့်-ရဟန္တာတွေ။ ။ထို့နောက်-ဘာဝရီ ရသေ့ဆရာကြီးနှင့်-တသောင်းကျော်။ ၂-သောင်းခန့်- ရသေ့ က-ဘက်သော ရဟန္တာတွေ။ ။သည်မှတပါး။ ရသေ့တွေ သာသနာတော်တွင်းမှာ။ ရသေ့ထွက် ရသေ့ဇာတ် ခင်းသလို လ ာသည့်-သာသနာတော် ဖြစ်ပါလျက်။ (ရသေ့မလုပ်ရဘူး) ပြောတာများ။နားရှိလို့ကြားရသနော်၊ ။ဤကဲ့သို့-ပြောသည့်သူ ဟာ။ ကိုရင်ထင်တ ်ကဖြင့်။ မြွေကိုက်၍-အဆိပ် တက်သူမှာ။ မျက်စိမှာ အဆိပ်ရောက်လို့။ မမြင်ရတာနှင့်။ ဘရန်းဘတာ။ ပြော ခြင်ရာပြော။ကိုင်ခြင်ရာကိုင်။ ဧ သွားရူးငန်းဖန်း။ မျက်စိပြာ နှမ်းနှင့်။နှမ်းသုပ်ကို။ ခွေးဆွဲ၍ရန်းသလို။ ယခု-သာ သနာတော် မှာလဲဘဲ။ ကိုယ်ထက်သာ၍ မနာလို-ဒေါသ အဆိတ် ထ၍။ ဘာမှမမြင်၊ မဆင်ခြင်ဘဲ၊ မရှက်နိုင်ဘဲ။ မအောင့်နိုင်ဘဲ။ ကွဲ ၂-ကောင်ခတ်၍၊မြေစာပင်ဖြတ်သလို။ကျိုက်ထိုက။ ရန်ဖြစ်၍ ရေးကြ-ဆဲကြ၊ တရောက်တရောက်မတဲ့၍။မနေနိုင် ရေးသည့် စာ-၂-အုပ်အတွက်။ပညာဉာဏ်မရှိ၍။ မသိသူမှာအခက်ကြီး ခက်။ အရှက်ကြီးရှက်သည့်တာနှင့်။ မျက်နှာမှာဘယ်လိုထား၍။ ပရိသာတ်ထည်း-ဘယ်လိုသွား--ဘယ်လိုစား။ ဘယ် လို နေရပ မလဲသို့။ အနဲနဲပူပင်။ ရင်ခွဲ၍-သေခြင်အောင်။နောင်တ-ပူပန် " မုခပိုးရှုးတိုက်-ခွေးကျားကိုက် "ခံရသလို။ မဖြစ်ရအောင် နှစ်လုံး မျိုသိပ်၊စိတ်ကိုဆုံးမ၍။ ဘာမှမပြောဘဲနေလျှင် တော်ပါ

သေး၏။နောက်ထပ်တရေး-တေးမှဖြင့်။သပိတ်မှောက်ဘေးကြီး တခါထည်းချောက်ဘော့မည်။ဇကံ-ကိုရင်ကဖြင့်။ အမှန်ဘဲထင် ပါသည်။တကာ-တကာမတို့။

ယခုရေးမည့်-စခန်း။စာသွားလမ်းမှာ။ရသေ့အသွင်။
သစ်ခေါက်ဆိုး-ဝတ်ဆင်၍။ အရိယာဥပုတ်
ဆောက်တည်ကျသောအခန်းဟူ၍မှတ်။

ယခုကာလ။ ဘုရားသာသနာတော်တွင်းမှာ။ ရသေ့မလုပ် ရဘူး။သစ်ခေါက်ဆိုး မဝတ်ရဘူး ပြောကြသည့်။ ကမ္မဋ္ဌာန်းပွဲ ဖျက်သည့် - ဓူတင်ဆောင်နှင့်ရုပ်နံ့သင်ဖျက်သည့်။ ဇီးကွက် ငှက်လို။သေပြီပြီ၊ ရှင်ပြီပြီ-ဆိုဘိသကဲ့သို့။ ကိုယ့်စကား-မှား တာမှ၊မှားမှန်း။မှန်မှန်းမသိ။ ဇီးကွက်လိုမျက်စိပါးစပ်။ ၂-ရင်ပြိ တဲ့။စကားရဲ၊အားပြောရဲ။ မျက်နှာပြဲနှင့်။ အလွဲသုံး ရှာပြောတတ် သည့်။ဒေဝဒတ်တပည့်တို့ရေ။အဇာတသတ်မင်းသား။ သူတော် ကောင်းအစစ်ဖြစ်ပါလျှက်နှင့်။ဆရာမိုက်နှင့်။ ပေါင်းသိုက်ရတာ နှင့်။ အဝီစိငရဲမှာ။ ကျိုးနဲ့အောင်ခံရသလို။ နေကြလိမ့်မနော်။ ရှောင်ကြ-ဆုတ်ကြ။ ဘာကြောင့်ဆိုတော့-မြတ်စွာဘုရား သခင် ရှေ့တော်တွင်။မယ်တော်-မိခင်။ကျေးဇူးရှင်ကို။ ရသေ့အသွင်၊ လူသူ့တော်စင်နှင့်။ ကျေးဇူးဆပ်ရအောင်။ ၇-ရက်။လခွဲ။ဘာလ စသည်အရိယာဥပုတ်စောင့်ခိုင်းတော်မူတာကို။ နှစ်လိုဝမ်းသာ ကြည့်ပိုက်စနိုးကြပါ။အသေအချာ။ကမ္မဋ္ဌာန်းလုပ်တာ။ မနာလို ဝန်တိုဘာနှင့်။အပြစ်ရှာသည့်။မောင်,မနာလို။ မ,မနာလို။မ,ဝန်တို တို့ကို။လက်ညှိုးထိုးပြခြင်းငှာ။

အထခေါ၊မဟာပဇာပတိဂေါတမီ။သာကိယာနိတာယဟိ၊
သဒ္ဓိံ။ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ။ ဒသ
သီလေသု ပတိဋ္ဌာယ။ဗုဒ္ဓသန္တိကံ ဥပသင်္ကမိ။

အစရှိသော-ရုပ္ပပဒကျင်းလာ-ဒေသနာကို။ မတွေ့ဘူး-မသင်ဘူးလို့ ပြောတာလား။ ဘ် မဟုတ်လျှင်-ကမ္ဗည္ဘာန်းပွဲ-မလုပ် ခြင်အောင်။နှောင်-ဝါတ္တိဆရာတော်ဘုရားကြီး။မလာချင်-မနေချင်အောင်-ပြောတာလားလို့။လက်ညှိုးထိုးစစ်၍၊အခက်ဘယ်ကဆိုတာသိရအောင်။ကိုင်ကြ,စစ်ဆေး၍မေးလိုက်စမ်းခြင်ပါဘိတပည့်တို့ရေ။ ။အနက်ပေးတာ ကြည့်ကြပါ။ ။အထခေါ်။ထိုသို့ရသော အသွင်နှင့်-သစ်ခေါက်ဆိုး ဝတ်ဆင်။ လူသူတော်စင်နှင့်။ အရိယာဥပုတ်စောင့်၍။ ကမ္မဋ္ဌာန်း ဝင်လိုသောအခါ၌။မဟာပဇာပတိဂေါတမီ၊မယ်တော် မိခင် ကျေးဇူးရှင်-မိဖုရားကြီး၊သည်။သာကီယ ဓိတာပတိ၊ဘုရားနှစ်မတော်။သာကီဝင်မင်းသမီး-၅၀၀-တို့နှင့်။သဒ္ဓိ၊အတူတကွ။ ကာသာယာနိ။ ဖန်ရည်စွန်းကုန်သော။ ဝတ္ထာနိ၊ရသေ့အသွင်-ဝတ်ဆင်။ ကိုယ်လွှမ်း-သင်္ကန်းရောင် ဆင်သော အဝတ်ဘို့ကို။ အစ္ဆာဒေတွာ။ ဝတ်ဆင်၍၊ဒသသီလေသု။ ဆယ်ပါးသော သီလတို့၌။ အဓိဋ္ဌာယ၊၇ ရက်-လခွဲ။တလ-စသည်သောက်တည်၍၊ဗုဒ္ဓသန္တိကံ။သားတော်ဘုရား-အဘိ တော်ပါးသို့။ ဥပသင်္ကမိ၊ ဝတ်တွား ရိုးကြိုးရှိခိုးပြီးခါ၊-ချင်းကပ် လာ၏။ ဝါ၊မယ်တော်-ဂေါတမီနှင့် တကွ။နှစ်မတော် မင်းသမီး--၅၀၀-တို့။ရသေ့အ သွင်-ဖန် ရည် စွန်းသော-သင်္ကန်းရောင်ဝတ်ဆင်၍။ အရိယာဥပုတ်နှင့်-ကမ္မဋ္ဌာန်းဝင်-ဓုတင်ဆောင်၍-အား ထုတ်လို့ကြောင်း။ တောင်းပန်ချင်းကပ်လာ၏။

ဤဒေသနာတော်ကို-ကြည့်ကြပါ။ ။ဘုရားရှေ့တော်တွင်ဝတ်သည့်-အဝတ်တွေပါတကား၊ ဘုရားကိုယ်တော် မကြိုက်လျှင်။အဘဲ့ကြောင့်-သည်အဝတ်ကို-ကိုယ်တော်တိုင် ဝတ်ပေးရပါသလဲ။တကာကြီး-တကာမကြီးတို့ရေ။ အကယ်၍-မအပ်မတော်လျှင်။ အဘဲ့ကြောင့်-မယ်တော်ကို-ရသေ့အသွင်-ဝတ်

ဆင်–နိုင်းရပါသလဲလို့။ကိုရင်က,မေးစန်းချင်ပါဘိ,တော့သည်။ အမြွမြွ–အဂ္ဂါဂ္ဂါကို။ ။ဤကား–စစ်ကိုင်း တောင်–နှစ်စဉ် ကဒ္ဒဌာန်းပွဲမှာ။ ။မင်းကွန်း–ဏ္ဏာဿသယကမ္မဋ္ဌာန်းပွဲမှာ။ ။ ရသေ့အသွင်–သစ်ခေါက်ဆိုး ဝတ်ဆင်တာနှင့်–တထပ်ထည်း ကြဘာကဲ။ကြေနတ်စခာ–မယ်တော်နှင့်–နှစ်မတော်–သာကီဝင် မင်းသမီးတို့လဲ–ဤနည်းပါဟုပြလိုက်သည်။ အရိယာဥပုတ်နှင့် ကမ္မဋ္ဌာန်းဝင်။လူသူတော်စင်တို့ကို–ကြည့်ပါ။

တကြောင်း မှာလည်း။ ယာခုဘုရား သာသနာတော်မှာပင်။ သီဟိုဠ်ကျွန်းကြီးသခင်။ ဘုရင်မင်းမြတ်၏၊ တောင်ညာစံဒေဝီ။ မဟာသိ အနုဠာဒေဝီမိဖုရားကြီးနှင့်။ နန်းတော်တွင်းနေ၊ မင်း သမီး အပျိုတော်ပေါင်း–၅၁၀။ နန်းတော်ပြင်ဘက်။ မြို့တွင်းနေ မြို့ကြီးသူ၊ သူဌေး သူကြွယ်–ကုန်သည် ပေါင်း–၅၀၀။ ပေါင်း တထောင် နောက်ပါနှင့်။ရသေ့တို့အသွင်။ သင်္ကန်းရောင်ဝတ် ဆင်၍။လူဘို့သီလတွင်။အမြတ်ဆုံး–အမြင့် ဆုံးဖြစ်သော။ အရိ ယာဥပုတ်–ဆောက်တည်ဘူးကြောင်းကို။

အနုဠာပိ ခေါဒေဝီ။ ပဉ္စဟိ ကညာသတေဟိ။
ပဉ္စဟိအန္တေပုရသတေဟိ။သဒ္ဓိံ။ဒသသီလာနိ
သမာဒရိတွာ။ ကာသာယာနိဝတ္ထာနိအစ္ဆာဒေ
တွာ။နဂရသဇ္ဈေကဒေသေ၊ ဥပဿယံ။ ကာရာ
ပေတွာ။ဝါသံကပ္ပေတိ။

အစရှိသည်ဖြင့်လာသော–ဒေသနာ။ ဓမ္မပဒပါဠိတော်နှင့်။ အဋ္ဌကထာမှာကြည့်ပါ။ ။အနုဠာပိခေါဒေဝီ။အနုဠာဒေဝီ မိဖုရားကြီးသည်လည်း။ဝါ၊သီဟိုဠ်ကျွန်းကြီးနှင့်တကွ။ မြို့တော် ကြီးကိုအုပ်စိုးပိုင်နှင်း။ ဘုရင်မင်းမြတ်သမုတ်နတ်၏၊ တောင် ညာတင်ထား။ အနုဠာဒေဝီ–မိဖုရားကြီးသည်လည်း။ ပဉ္စဟိ

ကညာသဘောဟိ၊ နှုတ္တွင်း-မြို့ကြီးနေသူ။သူဌေးသူကြွယ်။ ကုန်သည်သင်္ဘိုး၊မိန်းမပျို -၅၀ဂ-တို့နှင့်။ပညာဟိအင်နေ့ ပူရသတေဟိ။ ၅၀၀-ကုန်သေသနန်းဘွင်းသူ-မင်းသင်္ဘိုး-အပျိုတော်ငါးရာတို့နှင့်။ သမ္ဘိ။အသျှတကွ။ ဒ္ဓသဿိလာနိ။ ဆယ်ပါးသော-သင်္လတ်ကို။ သမာဒယိတွာ။ ကောင်းစွာဆောက်တည်၍၊ ကာသသယ းနိ၊ဖန်ရည်စွမ်းသော-သင်္ကန်းရောင်အဝတ်တို့ကို။အစ္ဆာဒေတွာ။ဝတ်ဆင်၍။နဂရသ။သီဟိုဠ်မြို့တော်ကြီး ၏။ းကဒေသေ။ ဥယျာဉ်ရေကာံ၊ပန်းမှန်တို့ဖြင့်-အလွန်ကောင်းမြတ်၊ ကမ္မဋ္ဌာန်းအားထုတ်၍။အရိယာ ဥပုတ်စောင့်ခြင်းဌာ-လျောက်ပတ်သော အရပ်၌။ ဥပဿယ း။တထောင်မျှ လောက်သော-ကမ္မဋ္ဌာန်း ကျောင်းကြီးအပေါင်းကို။ကာရာပေတွာ၊ တရားနာစရာ-ဓမ္မာရုံကြီးနှင့်တကွ ဆောက်လုပ်စေ၍။ဝါသံ။ပါတွင်း-၃-လအားထုတ်၍နေခြင်းကို ဝါ။ ့သော့အသွင်-လူသူတော်စင်နှင့်။ သစ်ခေါက်ဆိုးဝတ်ဆင်၍ လူ့ဘို့တွင်-အသာဆုံး။ အလွန်ယူး။ အမြင့်ဆုံးဖြစ်သည့်။ အရိယာဥပုတ်စောင့်လျှက်။ နေ့ရက်များစွာ-ကမ္မဋ္ဌာန်းဝင်။မျိုတင်ပါဆောင်၍။တရားတော်အလုပ်,အားထုတ်၍နေခြင်းကို။ကပ္ပေတိ။ ပြုကြလေ၏။ဝါ။အနုရာဓပုရမိဖုရားကြီးနှင့်တကွ။ရသော့အသွင် သစ်ခေါက်ဆိုးဝတ်ဆင်လျှက်။ဖန်ရည်စွမ်းသည့်သင်္ကန်းရောင် အနီဝါ။ တညီတညာထည်း ဝတ်လျှက်။ ၇-ရက်-လခွဲ၊ တလနှစ်လ -သုံးလ။ဘတ်နိုင်သမျှဝတ်၍။ဝါကျွတ်သောအခါ။နွှားထိုးကြီး-ကမ္မဋ္ဌာန်းပွဲကြီး ပြီးသကဲ့သို့။ မိဖုရားနှင့်တကွ၊ နန်းတော်အိမ်တော်သို့-ဘဖန်ပြန်၍။လူမှုကိစ္စပြုကြပြန်၏။ ။

ဤကား။ ဘုရားမရှိသည့်နောက်၊ သီဟိုဠ်ကျွန်းကြီးသခင်။ ဘုရင်မင်းမြတ်၏။ အနုရာဓပုရီအမျိုးထား၍။ တထောင်သော မင်းသင်္ဘိုး-အပျိုတော်။မိန်းမပျိုတို့-တထောင်ကျော်တို့။ ယခုမြန်မာနိုင်ငံမှာ။ "အရပ်ရပ်-အမြို့မြို့" ကမ္မဋ္ဌာန်းပွဲ ဝတ်ဆင်-ရုပ်နံ့

ကိုသင်-ခေ့တင်ဆောင်၍။ အရိယာဥပုတ်နှင့်။ လူသူတော်စင်တို့ နှင့်-တထပ်ထည်းကြ-နည်းတူ ကြောင်းကို-ပြလိုက်သည်။

ဤစာအုပ်ကား။ နံပါတ် (၆၀) နှင့်။ ရန်သူငြိမ်းလျှင်-တန်ပါငြိ။ မငြိမ်းသေလျှင်။ နံပါတ်(၁၂၀)မျက်နှာစာအုပ်-ရေးပြီး ရှိသည်။ နောက်ထပ်-ထုတ်ရလိမ့်မည်။ ။ဤကား။ ရေသေ့မပုတ်။ အရိ ယာ ဥပုတ်စောင့်သူ။ လူသူတော် မှတ်ကြပါ။ နောက်တခါ- မပြောလိုဘူး။

ဘုတ်ဘုတ်တိသဒ္ဒံ။ နဒိတွာ။ နာဂေါဝမဒ္ဒနံသာသဘံ။
အဟံပိဗုဒ္ဓ ပန္နတ္တိကံ၊ သောဒေတွာ ဝမဒ္ဒိတံ။
ကာသာယဝတ္တနံသဏ္ဍံ။ ဒဒါမိဏ္ဍသိလိဂ်ကံ။

ဘောဂန္တော။ အိုသူတော်ကောင်းတို့။ လောကေ။ လူ့ပြည်လူ့ရွာ ၌။ ဗာလသုနက္ခာနံ။ အဘိုးမထိုက်မိုက်လှစွာသောခွေးတို့သည်။ ဘုတ်ဘုတ်တိသဒ္ဒံ။ ဘုတ်ဘုတ်ဟူသောအသံကို။ ဝါ။ ဂုတ်ဂုတ် ဟူသောအသံကို။ နဒိတွာ။ ချိန်းခြောက်ဟောက်ဟိန်း၍။ အာဂတံ။ သွားတဖြည်းဖြည်း။ ကိုက်မည်ခဲ၍။ ဆဲခါဆိုခါ။ ဟောင်ခါလိုက်၍ လာသော။ သာသဘံ။ ခွေးမိုက်ကြီးကို။ ဝါ။ အားနှင့်မတန်။ ဆင်ရန် ခြေပေါင်း။ ဆင်အပေါင်းတို့၏၊ အလယ်၌-တင့်တယ်စွာနေသော ဆင်ပြောင်ကြီးကို။ အနီးသို့ကပ်လျက်။ မထိပ်မလန့်မကြောက် သေချိန်ရောက်၍။ ကမိုက်ရှေ့ဆောင်။ လိုက်၍ဟောင်သည့်။ ခွေးမိုက်ဗါလ။ ခွေးအကြီးကို။ နာဂေါ။ ဆင်ပြောင်ကြီးသည်။ မဒ္ဒနံဝါ၊ ရိုးသားမကြံ။ ဇီဝိတံ ချုပ်။ ဓာတ်ပါပြုတ်အောင်။ တကောင် မထား။ နင်းချိုးသတ်သွားသကဲ့သို့။ တထေဝ။ ထိုဆင်ကြီးနှင့် အလားတူသောလျှင်။ အဟံပိ။ စန္ဒိမာခေါ်တွင်၊ ငါကိုရင်သည် လည်း။ မဒ္ဒိတံ။ ချိုးပဲ့နှိပ်နင်း အပ်သော။ ဝါ။ အားအင်မတန်။

ဉာဏ်ပညာမရှိ၍။မသိဖြစ်ဘေး။နောင်ရေးချုပြစ်။ စင်စစ်မမြင်။ ဉာဏ်မရှင်သည့်အလိုက်။ ခွေးရိုက်ဟောင့်သို့။ ကမ္မဋ္ဌာန်း၊ဝင် ဓါတ်တင်ဆောင်လပ်။အကျင့်မြတ်အားထုတ်သူ။ လူ့,ရှင်,ရဟန်း ကမ္မဋ္ဌာန်းသမားတို့ကိုသာ။ရွေးခါလိုက်၍။ ကိုက်မည်အားကြီး။ သွားဖြည်းခါ လိုက်လာ၍။ အဝေးကဟောင်သည့် ခွေးကဲ့သို့။ မနှစ်သို–မနာလို-ဝန်တိုတိုင်း။ လယ်ခါဟောင်။ လယ်ခါပြော၍။ ကမ္မဋ္ဌာန်းပွဲဖျက်တတ်သူဟူသမျှ။ အနုမြူခန့်မျှမကြုံ။ ဘေးရန် ပျောက်ကင်းအောင်။ ချိုးဖဲ့နှိပ်နင်း အပ်သော။ ဇုဋ္ဌပန္နဖြိုက်ကံ၊ ဘုရားသခင်ရန်သူတော်ဟူသမျှကို။ဝါ၊ဘုရားမဟောဘဲလျှက်။ သာသနာတော်တွင်းမှာ–ရသေ့မလုပ်ရဘူးပြောသည့်။ ဘုရား ရန်သူ။ရသေ့ပရိုက်တို့။ဒိဋ္ဌိပြောသည့်ဘုရားရန်သူ။ သိလျှင် လုပ်လျှင်ဒိဋ္ဌိ။ သစ်ခေါက်ဆိုးဝတ်၍။ အရိယာဥပုတ်စောင့်သူ။ လူသူတော်စင်ကို။ ရသေ့လုပ်ကြံပြောကြသည့် ဘုရားရန်သူ။ ရဟန်းယောကျ်ား။ရဟန်းမိန်းမ။သာမဏေတို့လဲလျှင်။ဒိဋ္ဌိပါဘဲ လူထွက်ကြရတော့မလို။ကျိုက်ထိုက။ ရန်ဖြစ်၍ရေးတဲ့ စာအုပ် ဆဲ။စာအုပ်များကိုကြည့်၍။မသိဘဲနှင့်။ ခွေးရိုက်သွားဖြည်းသလို ဆဲဆိုဟောင်တတ်၊အရပ်ရပ်ဆူပူ။ကမ္မဋ္ဌာန်းဝင်,ဓါတ်တင်ဆောင် သူ။လူ့,ရှင်,ရဟန်းတို့။ စိတ်မချမ်းသာအောင် ပြောတတ်သည့် ဘုရားသခင်ကျေးဇူးရှင်၏–ရန်သူဟူသမျှကို။ သောဒေတွာဝ။ ခွေးကိုဆင်နင်းသကဲ့သို့။"အဖြိုဖြို–အရွှာရွှာ"က။ ကမ္မဋ္ဌာန်းပွဲ ဖျက်သူ၊ဒေဝဒတ်၏တပည့်လုပ်မည့်သူ။မပြုမပေါ်လာနိုင်အောင် ချိုးဖဲ့နှိပ်နင်း။ရန်ငုတ်ကင်းအောင်။ နောင်မချန်ဖွ၂င်းဘဲ။ သုတ် သင်ရှင်းလင်း၍သာလျှင်။ဈာသိလိင်္ဂကာ။ရသေ့အသွင်နှင့်။ စင် ကြယ်လှစွာ။အရိယာဥပုတ်ကိုစောင့်ပေသော။ ကာသာယဝတ္ထ ဝသန်။သစ်ခေါက်ဖန်ရည်မြေနီဆိုးတတ်၍။ကမ္မဋ္ဌာန်းဝင်။ဓါတ်တင် ဆောင်ခါ–ချမ်းသာစွာ နေလေ့ရှိသော။ သန္တိ။ရုပ်နံ့ခန္ဓာ–သစ္စာ ၄–အင်၊သိအောင်သင်လျှက်။ သဏ္ဌာသဒ္ဒိမ္မ – ဝိဝိကဲ္ဘတို့ကို

တဒင်္ဂပဟာန်ဖြင့်၊ပါယ်လှန်၍။ဤချုပ်၊ ဤနံ။ ဤခန္ဓာနှင့် ဖြစ်စေ၊ နောင်ဘုရားလက်ထက်ဖြစ်စေ။နိဗ္ဗာန်ရည်မှန်း၍။ကမ္မဋ္ဌာန်းဝင်- လူ့,ရှင်,အပေါင်းသူတော်ကောင်းတွေကို။ဒဒါမြဲ၊သုခဂိတ်ညင်မ်။ စည်းစိမ်ခံစား။ အာ ြများပေါ် လာလျှင်။ မပျက်ရန်သူ။ မြဲမြဲ မကျန်။နိဗ္ဗာန်ဘိစိတ်ချမ်းသာအောင်။ရှေဟန်းလောင်းပညာသင် ကိုရင်စန္ဒိမာက၊ဗိတ်ချ။ လက်ချအားထုတ်ရကြငရာ။ ခမ္မဒါ့န အလှူ၊နိဗ္ဗူ၊ဘိုင်ပေါက်၊ မကြာရောက်အောင်။ ပေးခဲ့ပါဒွံ။တံ။ ထိုကမ္မဋ္ဌာန်းသမားတို့၏။ ရန်ငြေး၊ ရန်မွားတွေ့, ပျောက်စေ၍။ နိဗ္ဗာန်ရေခံ ရည်မှန်းအမျိုးမျိုးသော ကမ္မဋ္ဌာန်းနည်းကို။ဂဏ္ဍ ြ မဂ်မျိုးပေ့ဗိဇ။ အသီးအသီး ကြြအောင်။ ကိုယ်စီ။ ကိုယ်စီ။ ကမ္မဋ္ဌာန်းအလုပ်အားထုတ်၍ ယူလိုက်ကြကုန်လော။ဝါ။ ဘုရား ငါးဆူပွင့်ဘောဘ်မှုလိ.မှ။ နားထိုင်းကို-ရိုးကြြိုးဖြစ်၍မကြားသလို။ မသိသလို။လူအ-အိပ်မက်မက်၍။ မပြောဘတ်။မပြောနိုင်သလို နေမှုဖြင့်။ ဘယ်ဘုရားလက်ထက်မှ၊ အားထုတ် နိုင်တော့မည်, မဟုတ်ပြီဟု -တိတိဘာတာ,ပလီပြောဘဲ။ တမဲမဲ၍။ တသဲသဲ အသုပ်။ကမ္မဋ္ဌာန်းအားထုတ်၊ ရှဲနံပါသင်၍။ ချုတင်နှင့်တကွ။ တရားထူး ေအောင်။ယူနိုင်ကြပါစေကုန်သတည်း။

ဤသို့ဟောတော်မူသည့် ဒေသနာအရပ်ရပ်ကို၊
ကြည့်ရှုဆုံးဖြတ်ရသော်။

၁။ မယ်တော်-နှမတော်ချွတ်ခန်း။
၂။ ရှင်တထောင်ချွတ်ခန်း။
၃။ မင်းသားညီနောင်နှင့်။ရဲသားတထောင်ချွတ်ခန်း
၄။ ဘာဝရီရသေ့ပါ။၂-သောင်းခန့်။ရဟန္တာဖြစ်ခန်း။
၅။ ရှင်သာရိပုတြာရာအလောင်းကို။ ၄-သောင်း။ ၇-ထောင် ချွတ်ခန်း။
၆။ အနုရုဒ္ဓါဒေဝီ-မိဖုရားနှင့်။ လူသူတော် တထောင်တို့ကို။ သစ်ခေါက်ဆိုး ဝတ်ပေးတာ မှားလျှင်။ သီဟိုဠ်ကျွန်း-

သာသနာပိုင်နှင့်။ရှင်ဘုရင်မှာပြီး။ ။၁-ဗုဒ္ဓဘုရား-ကိုယ်တော်လဲ။ ညီတော်-၃-ပါး။ ရဲသား-တထောင်-အဝတ်နီဝတ်ဘာမှားပြီ။ ။၂-မိထွေးတော်တို့မှားလျှင်။ ငါတို့ဂေါတမဘုရားမှားပြီ။ ။၃-အနောမဒဿီဘုရားလဲ။ ရသေ့-၄-သောင်း။ ၇-ထောင်ကို။ သင်္ကန်း ဝတ်၍။ ရဟန္တာပြုပေတာမှားလျှင်။အနောမဒဿီဘုရားမှားပြီ။ ဤသို့ဂေါတမဘုရား။ ဗုဒ္ဓဘုရား။ အနောမဒဿီဘုရား-၃ ပါးလုံးမှားလျှင်။သာသနာတော်ကြီးမဟုတ်ပြီ။ပျက်ပြီ။ သိဟို သာသနာပိုင်။ ရှင်ဘုရင် မှာ လျှင်လဲလွဲ။ ဘုရား-၃-ဆူလဲလွဲကဲ့လျှင်။ ငါတို့-ဇာနဿသယ "ဦးရာဇိန္ဒ" ဆရာတော်ကြီးလဲလွဲတော့ပြီ။ဤဘုရား ၃-ဆူမှန်ပါလျှင်၊ ဤငါတို့အရှင်ကမ္ဘဒ္ဓာန်းဆရာကြီး-ဦးရာဇိန္ဒ, ဇာနဿသယကိုယ်တော်လဲ။ မှန်ပြီ,ဟူ၍မှတ်ကြရမည်။ ။မဟုတ်မမှန်-သာသနာတော်ကို။ တိမ်ကောပျောက်။သာသနာတော်မထောက်။ကမ္ဘဒ္ဓာန်းဝင်။ ချုတင်ရှင်နှံသောတာပန်လောင်း၊ကမ္ဘဒ္ဓာန်းပွဲ-အားနည်းအောင်။အကျိုးချုပ်အားထုတ်။အရိယာဥပုတ်မစောင့်ခြင်အောင်။ ပြောသူ-လူ,ရှင်ရဟန်းဘို့မှာ။ရောရုဝငရဲမှာခံရကြောင်းကို။

ယောကေစိ အရိယံဓမ္မံ။ဂရဟန္တိစ။ဒုမ္မေဓါ ဥပေန္တိ
ရောရုဝံဃောရံ။အနုဘောန္တိ။စိရရတ္တံ။

ဟောတော်မူသည်။ ။ဘိက္ခဝေ။ ချစ်သမီး။ ချစ်သားတို့။ ယောကေစိ။ခပ်သိမ်းကုန်သောသူတို့သည်။ အရိယံ။မြတ်သော။ ဓမ္မံ။ ကမ္ဘဒ္ဓာန်းဝင်ချုတင်ဆောင်၍။ ရုပ်နံ့သင်သည့် တရား။ သစ်ခေါက်ဆိုး-နီလွှင်။အဝတ်ပြုစင်။ ရသေ့-ရဟန်းတို့ အသွင်နှင့်။စင်ကြယ်လှစွာ။ အရိယာဥပုတ်-စောင့်သူ။ လူသူတော်စင်ကမ္ဘဒ္ဓာန်းပင်ကြသည့်။ အရိယာဘို့အကျင့်မြတ်ကို။ ဒုမ္မေဓါ။

ပညာနည်းဖွ။ လူ့ဗါလတို့သည်၊ ဂရုဟာန္တို့။ မိမိအားမထုတ်ခြင် အသာ နေတာမဟုတ်။ သူတပါး–အား မထုတ်ခြင်အောင်။ တထောင့်တငန်းက။ ငိတ်မချမ်းသာအောင်ပြောဆို ရှုန့်ချကဲ့ရဲ့ကြကုန်၏။တော။ထိုသူတို့သည်။ ယောရုံ။ ကြမ်းကြုတ် စွာသော။ ယောရုံ။ယောရုဝ ငရဲကြီးသို့။ ဥပေက္ခ။ ကင်ရောက်လျှက်။ စိရရတ္တံ။ရှည်ကြာလှစွာကာလပတ်လုံး။ အနုဘောန္တိ။ ငုံ့ါ–အောင်ခါခံကြရကုန်၏။ဝါ။ကျက်သွန်–ဆိုကျောင်နှောက် ၍တွော်၏သို့။နောင်တဖန်လူဖြစ်လျှင် ကမ္မဋ္ဌာန်းဝင်သူတော်စင်နှင့်၊ထို့ငြင် အားထုတ်ကြသူ၊လူ့ရှင်ပုဟန်းတို့ကို။၊ဘာရမ်းဘာတာပြောဝန့် ပါပြီဟု။ရင်ထု–လက်တီး။ညီးညူပူဆာ–အောင်ခါ–ငုံ့ါ–ခံကြရကုန်၏။

ယခုအခါ– ဗုဒ္ဓဘာသာ သာသနာတော်ကြီး အတွက်။ အထက်နိုင်ငံ–အောက်နိုင်ငံ။ ရေချို၊ငန်။ နှစ်နိုင်ငံနိုက်လည်း။ အချို့ပုဂ္ဂိုလ်တို့နိဗ္ဗာန်ရည်မှန်း။ ကမ္မဋ္ဌာန်းအားထုတ်ကြရာ။လွှန်စွာဝမ်းသာကြသည်။အချို့ကလဲ။ လှန်စွာငင် ကဲ့ရဲ့ရှုန့်ချရုံမှမက။သူတပါးတရားကောင်း အားမထုတ်ခြင်အောင်။ ကမ္မဋ္ဌာန်းဝင်ခြင်, ဈေတင်မဆောင်။ ရုပ်နံ့သင်ဘိ။ ဗိုဠ်မပြုတ်အောင်။ တရားကောင်း အားထုတ် ပျက်အောင်။ ပြောကြ ဆိုကြ၍။ သူတော်ကောင်း တရားအားနည်း။ မသူတော်များ၍နေကြမှဖြင့်။ ဗုဒ္ဓကိုဏ်းငြိ။ဓမ္မကိုဏ်းငြိ။ သံဃာကိုဏ်းငြိ။ရာဇဂုဏ်းငြိတနှင့်။ မချိသွားဖြည်း။ မသေခင်မိတ်ဆွေနဲ့၍။ထမင်းတောင်ဝဝ ဟှလှကြီးမစားရဘဲ။ အားနည်းဆုတ်ယုတ်။ အမဲသား အဆိပ်ထည့် အစာတုန်း–မိတာနှင့်။ခါးချိ၍သေးရသည့်။ ခွေးများလို။ နေကြမည်ကို။စိုးရိမ်တာနှင့်။ပညာတော်သင်။ ရဟန်းလောင်း–ကိုရင်စန္ဒိမါက။ထိုးထွင်းသောမိမိ၏ဉာဏ်ပညာနှင့်။အတန်တန်မြော်မြင်၍။အပြစ်မှုမရှိခင်–ကျိုတင်ခါ၊ စာအုပ်နှင့်ရေး၍။ အထက်–အောက်ကြေငြာ။ အရွှာရွာ၊အမြို့မြို့က။ အားထုတ် ကြတာလဲ။

သစ်ခေါက်ဆိုးနီလွှင်နှင့်။ အရိယာဥပုတ်ဝင်–လူသူတော်စင်တို့ကို။မနာလိုဝန်တို၍။ ထိုတရားတွေ့။ အားထုတ် ပျက်အောင်။ ရှင်သော့မရှိရ။ရသေ့မလုပ်ကောင်းဘူးပြောကြတာနှင့်။သာသနာတော်ပျက်မည်။အားထုတ်နည်းကြမည်ကိုမြင်၍စာအုပ်မှာနေဘိဖျားက။အသနားလွန်ကဲတာနှင့်။ခင်သဲသဲရေးလိုက်ရာဒေမှားစိုးစိပ်ရှိကဲ့ပါလျှင်။ကိုရင်မှာ - စာသင်ရာက–ရေးရတာတကြောင်းညာဏ်နုနယ်သေးသည့်။ အချိန်မရို့တကြောင်း။ အကြောင်းကြောင်းတောင်းပန်ပါ၍။သည်းခံတော်မူကြပါ။သူတော်ကောင်းတို့။ ။သို့သော်လည်း။ ဒေဝဓာတ်ပါဠိတော်၌။

ယေဟိကေစိဘိက္ခဝေ၊ကာယေနဒုစရိတံစရတိ။
ဝါစာယဒုစရိတံစရတိ။ မနသာဒုစရိတံ စရတိ။
ကာယဿ ဘေဒါပရံမရဏာ။ဒုဂ္ဂတိံဝိနိပါတံ။

စသည်ဖြင့်။ဒုစရိုက်တရားဆယ်ပါးကို ပြုကျင့်က။ အမှားမိစ္ဆာ။ အပါယ်လားကြောင်း။ မကောင်းသော–ဒိဋ္ဌိဝါဒတရားသာ–စရိုက်တရားဆယ်ပါးကို၊ပြုကျင့်က။ လူ့ရပ်နတ်ထံ။ နိဗ္ဗာန်ရောက်ကြောင်းကောင်းမြတ်သော၊တရားဟူ၍။ သဗ္ဗညုဘုရားဟောကြားတော် မူရင်းတရား ကိုသာ–လက်ကိုင်–ထား၍၊အားထုတ်ကြစေခြင်းငှါ။

မူလံသေယျပဏ္ဍိတော။နပဏ္ဍိတောအဒ္ဒမူလံ။
တသ္မာတံသရိတွာဝ။သေယျဗုဒ္ဓဂစနံ။

ပဏ္ဍိတော၊ ကေသရာဇာ။ ခြသော့်မင်းနှင်တူသော ပညာရှိသည်။မူလံ။အရင်းမူလ–ဗုဒ္ဓရှင်စော–ကိုယ်တိုင် ဟောသည့်ဒုစရိုက်ဆယ်ပါးတရားကျင့်သူ။ လူ့ရှင်ရပေါန်းတို့မှာ။ အမှားမိစ္ဆာဒိဋ္ဌိတရား။ ကိုယ်တွင်းက ထား၍။ သုစရိုက်ဆယ်ပါး

တရားကောင်းကျင့်ကြသူ။လူ့ရှင်ရဟန်းတို့မှာ။ အမှန်သမ္မာဒိဋ္ဌိ
တရားကိုယ်ဘွင်းကသား၏ဘု။ဟောတော်မူသည်။ ဒေဝဒူဘရ
သုဘ်ပါဠိတော်လာ။ ဘုရားဟော ဒေသနာတော်ကိုသာလျှင်။
ဖြေသသျှ။မရရအောင်ရှာနိုင်ရာ၏။ပဏ္ဍိတော။ ခရမ်းသီးပုတ်
ဗူးသီးပုတ်ကိုသာ၊ရန်သူဆင်မှား။ လိုက်လံဝါး၍။ သွားကျိုးခါ
သေသည့်။ငွေးရုပ်နှင့်တူသောပညာရှိသည်။မူလံ။ အခရင်းမူလ၊
ခွေးပြစ်သောကျားအခရင်းမူလဘုရားကို။ နဖြေသေယျ။ အခရင်း
ဆိုက်အောင်။လိုက်လံရှာဖွေ၍ပြုနိုင်ရာ။တသွာ။ ထိုသို့မူလရင်း
ရန်သူကိုသာ။လိုက်၍ရှာသည့်။ ကေသရာဇာ-- ခြင်္သေ့မင်းနှင့်
တူသောကြောင့်။တံ။ ထိုအခရင်းမူလ-ကမ္ဘာ့ဘုတန်ဆာ။ ဒုစရိုက်
ဆယ်ပါး။သုစရိုက်ဆယ်ပါးတရားရင်းကို။သရိတွာဝ။အောက်
မေ့၍သာသျှင်။ဗုဒ္ဓစစ်နံ၊ ဒုစရိုက် ဆယ်ပါးကျင့် အမှားဒိဋ္ဌိ။
သုစရိုက် ဆယ်ပါးကျင့်က။ အမှန် သမ္မာဒိဋ္ဌိတရား။ ဘုရား
စကားတော်ကို။ဖြေသသျှ။မရရအောင်ရှာနိုင်ရာ၏။

ကြည့်ကြပါ။ရသေ့ဒန်ကသည်လိုသွား။
သည်လိုစားရသည်။ ။ယခု-မြန်မာနိုင်ငံရှိသမျှ
ကမ္ဘဋ္ဌာန်းပွဲတို့မှာ။အဝတ်ဖြူ။အဝတ်နီဝတ်ဆင်
၍။ ရသေ့အသွင် - လူသူတော်ပင်။အရိယာ-
ဥပုတ်ဝင်ကြသည် ဟူ၍မှတ်။ ။ထိုကြောင့်-
အမ္ဗဋ္ဌသုတ်၌။

ဣဓ အမ္ဗဋ္ဌ။ကေစ္စော်သမဏောဝါ။ဗြာဟ္မဏောဝါ။
ဣမဉ္စေဝ ဝိဇ္ဇာစရဏသမ္ပဒံ။ အနုတ္တရံ သမ္ဘုဏန္တော
မာနော။ခါရိဝိဝမာမ ယအရညာသတံ။ အဇ္ဈော
ဂါဟတိ။ ပါတ္တပဖလ ဘောဇနော။ ဘဝိသာမိ
တိနိက္ခမိ။ ။ဟူ၍ဟောတော်မူသည်။

အမ္ဗဋ္ဌ။အမ္ဗဋ္ဌပုဏ္ဏား။ကေစ္စော။ အချို့သော။သာမဏောဝါ။
ရဟန်းငှင်း။ဗြာဟ္မဏောဝါ။ ပုဏ္ဏားငှင်း။ဣမဉ္စေဝ ဝိဇ္ဇာစရဏ

သမ္ပဒ်။ ဤအကျင့်မြတ်ကို။ အနန္တသမ္ဗုဒ္ဓါမာနေသာ။ မှီအောင် မကျင့်နိုင်သည်ဖြစ်၍။ ခါနိဗ္ဗိဝ်။ မီးကြီးကရေး။ အပ်သားမည်း ရေစသော။ ရသေ့တို့ပရိက္ခရာကို။ အာဒါယ။ ယူ၍။ အရည္ဒာထန်း။ လူ့သူမနီးတောကြီး မြိုင်သာရသေ့ရှာသို့။ အဇ္ဈောဂါဟတိ။ သက်ဝင်လေ၏။ ပဝတ္တဖလဘောဇနော။ မချက်မပြုတ်-မလုပ်မကိုင် ဘဲ။ အသို့လို ကြွေကြသော သစ်သီးအဟာရဖြင့် မျှတသော အဘာရရှိသည်။ ဘ ဝိဿာမိ။ ဖြစ်ပါတော့အံ့။ ဣတိ။ ဤသို့နှလုံး သွင်း၍။ ပဗ္ဗဇိတ္ဝာ။ ရှိသမျှဘဏ္ဍာ။ ဥစ္စာခနေ့။ ကွဲ့နွားကာစ။ တစ မကျန်။ နောင်မပြန်ပြီဟု။ အကုန်စွန့်၍။ နိက္ခမိ။ တောထွက်ရှာလေ ၏။ ငါ။ ရှန်းဘိလူ့ရှာ-ငါမပြန်ဟု။ သုမေဓါတို့သဏ္ဍာန်။ စိတ်က ရည်မှန်း။ မင်္ဂလာခန်းနှင့်။ စုဘန်ချမ်းသာ-ရအောင်။ နိက္ခမလန်း။ ထွက်မြန်း-ရှာလေ၏။

ကြည့်စမ်းကြပါ။ ယခုလို-တောထွက်။ သစ်ရွက်။ သစ် သီးရှာမှီး သားသောက်ပြီးခါ။ ဥစ္စာခနေ့ရှိသမျှ။ အကုန်စွန့်လျှက်။ တောထွက်၍ သွားသည်ကိုသာ။ ရသေ့ခေါ်ပါသည်။ ။ယခု- မြန်မာနိုင်ငံတော်မှာ။ စစ်ကိုင်းတောင်-မင်းကွန်းကစ-အထက် ကို-ဒန်းမော်။ကသာ။ရွှေဂူ။ အောက်ကို။ရေး။ဘိတ်။ ဓါး၀ယ်။ ဝါးခယ်မ။ မြောင်းမြ။ မအူပင်။ မိုလ်ကလေး။ ဖျာပုံစသော- ကမ္မဋ္ဌာန်းပွဲတို့မှာ။ အရိယာဥပုတ်စောင့်သူ။ လူသူတော်စင်တို့ မှာ။ အဝတ်ဖြူ။ သစ်ခေါက်ဆိုးဝတ်၍။ လူတွင်, အမြတ်ဆုံးသီလ သောလျှင်-အထက်တန်းကနေ၍။ နိဗ္ဗာန်သို့ရောက်ကြရအောင် အားထုတ်ကြသူဟူ၍မှတ်ကြပါ-သူတော်ကောင်းတို့။

သာသနာတော်တွင်းမှာ။ ရသေ့မလုပ်ကောင်းဘူး။ သိဂ္ဃ ရှင်။ဘိုးသူတော်။ ပခုမိုက်မလုပ်ကောင်းဘူး။ လုပ်ကြလျှင်ဒိဋ္ဌိ။ လူထွက်ကြပြောတာ။ သည်မျှနှင့်တန်ကြတော့၊ တန်ကြတော့

ဟု။လူ့ပြည်က၀၊ အထက်ဘဝဂ်ထိ၌ ကျော်အောင်။ စာအုပ်ရေးတာ။တားဆီးပိတ်ပင်လိုက်ပါသည်။ အကယ်၍၊နောင်တခါထပ်မံ၍။ဤမျှနှင့်မတန်ဘဲ။အာရဲရှာရဲနှင့်။ကသဲဆိုင်းထ၍ ကသလို။ မနာလိုပြောကြပြန်လျှင်၊ ကျေးဇူးမဲ့-သာသနာတော်ဖျက်စကားပြောကြားသည့်အတွက်။

ဗုဒ္ဓဿအဝဏ္ဏံ ဘာသတိ။ ဓမ္မဿအဝဏ္ဏံ ဘာသတိ။ သံဃဿ အဝဏ္ဏံ ဘာသတိ။ ၊အစရှိသော-သပိတ်မှောက်ကံရှစ်ပါးတို့တွင်။ပါဝင်ပြီးဖြစ်၍။ဒိဋ္ဌမျက်မြင်။ ခုဘဝမကြာခင်သံဃာတော်တို့က။ သပိတ်မှောက်ကံပြုခံရမည်သို့။ ဤစာအုပ်ရေးသူ။ကိုရင်စန္ဒိမာ၏စိတ်ထဲမှာ။ ထင်မိပေသည်။ သတိထားကြ။ မာနကိုနှိမ့်ချ။ စကားကို-တယ်မများကြပါနှင့်။ သူတော်ကောင်းတို့။

ရဇာဒိရဇာဝါသသာ။ဤသံဥတ္တရနိသိတေ။
ပစ္ဆိမဒ္ဓိ ဒိသာဘာဂေ။ ရန်နှင်တိမ္ပိရသမိဝေ။
မဏ္ဍလ နဂရေသ။ သာသနပဇ္ဇော တိကာသ။
ဇာတေန တဏ္ဍုနဂရေ။ နာမေန စန္ဒိမာ တိမေ။
သဒ္ဒါဒိဂုဏသမ္ဘတာ။ ဝိမဏ္ဍိ။ သာခြသမ္ဘတာ။
ယာမာတာ ပြုပ္ပ စာရီသု။ အတိမနာ ပစာရိနို။
ဂဏ္ဍ တောတာယမာတုယာ။အာဇာနေယျာတိ
လဒ္ဓိတာ။သန္တေ့ဟိအာဘိယာစိတော။ ကတာ
ဂါထာဟိဂါယိတံ။ ပေက္ခံ သီဟနာဒပေါ်ဌကံ။
သန္တေ့ဟိအတိပါဒိတံ။
နိဋ္ဌိတော ယော သမ္ဗန္ဓော။ သတ္တ ရဇဇ
ဇေ့ကျွယ်။ နဋ္ဌကေ့ ဖိနစက္ကေ။ ဝိတ္တမာသဿ
ပဉ္စမေတိ၊ ။ရဏ္ဍိယာ ဝဏ္ဏဒ ဂါထာဟိ။
သာမညဂါထာဟိလိက္ခိတော။ယထာအနုက္ကမာ ရ
ယော။တထာသိဏ္ဍက္ကုသက်ပွါတိ။

ရာဇာဒိရာဇဝါသသော။ မင်းထက်မင်းမြတ်–သမုတ်နတ်တို့
၏။ကိန်းဝပ်စံပျော်၊နေတော်မူရာ လည်းဖြစ်ထသော။ သာသန
ပဇ္ဇောတိကသော။သာသနာတော်၏အဓွန့်ရှည်စွာ တည်ထွန်းရာ
လည်းဖြစ်ထသော။မဏ္ဍလနဂရသော။ မဏ္ဍလေး ရွှေမြို့တော်ကြီး
၏။ ဤသံဥတ္တရနိဿိတော။ ဇင်းငယ်–မြောက်အရပ်သို့ ရှုန်း
သော၊ပဉ္စိမည့်ဒိသာဘာဂေ၊အနောက်မျက်နှာ အရပ်အဘို့၌
ရန်နှင်ဇွါရသမီပေ။ ရန်နှင်တံခါးအနီး၌၊ဝါ။ တိုင်းမှေး။ ပြည်ရေး
သာသနာတော်ရေးဘေးကြီးပေါ်လာလျှင်။လျှင်မြန်စွာဆုတ်။ရန်
ငုတ်ပျောက်ကင်းအောင်။ ရှင်းနှင်–နှိပ်နင်းနှင်သောပညာရှိတို့
၏။ဖွားရာနေရာအရိတ်၊တိတ်နိမိတ်နှင့်။မင်းတုန်းမင်းတရားကြီး
၏ဘွဲ့မည်တံဆိပ်–ခတ်သည် ဟိတ်ကြောင့်။ ရန်နှင်မည်သည်
တံခါးအနီး၌၊တည်သော။ထိုမဏ္ဍလေးမြို့တော်ကြီး၏။ အာဝါသော။
အရှေ့ပြင်ဇာနတ္တသာယပစ္စမနေရာ။ မာရ်အောင်ရတနာကျောင်း
တိုက်၌။သဒ္ဓါဒိဂုဏာသမ္ပန္နာ။သဒ္ဓါအစရှိသော။ ဂုဏ်တို့နှင့် ပြည့်
စုံသော။မိဂ္ဂုန္တိ။ ရုပ်းရိုင်မရှိ။ တည်တန့်သော –သမာဓိလည်း
ရှိထသော။သာဝေသမ္မတာ။ကြားမြင်သမျှ။ မြို့တွင်း – မြို့ပနေကြ
သသူ။ခပ်သိမ်းလူတို့။ သူတော်ကောင်းဟု–သမုတ်အပ်သော။
ဗြဟ္မစာရီသု။မြတ်သောအကျင့်တို့၌။အတိမနာပစာရိနိ။ မိန်းမ
မြတ်တို့၏ အကျင့်ဖြင့်။ အလွန်နှစ်သက် ဘွယ်သော– အကျင့်
လည်းရှိထသော။ ယာမာတာ။ အကြင်သိလသည်ခေါ် ၊ငါ့–
မယ်တော်သည်။အတ္ထိ၊ရှိ၏။ တာယမာတုယာ။ထိုမယ်တော်၏။
ဂဗ္ဘတော။ဝမ်းတိုက်မှ။ ဇာတေန။ မညိုမညင် – မပင်မပန်း။
ရွှင်လမ်းဝမ်းသာ။ဖွား၍လာသော။ဇန္တိမာတိနာမေန။ ဇန္တိမာဟူ
သောအမည်ဖြင့်။ သုဝိသုတ္တေန။ သုတ္တံ–ဝိနည်း–အဘိဓမ္မာကို။
ကိုရင်ကပင်– သင်ကြားမှိုချနိုင်၍။ အလွန်ထင်ရှားကျော်စော
သော။အာဇာဒေယျာတိ။ အာဇာနီယောကျ်ားဟူ၍။ လဇ္ဇိ
တာ။ ငါတို့ကျေးဇူးရှင်–ဇာနတ္တသာယ ဆရာတော်ဘုရားကြီးနှင့်

တကွ။အများမြို့သူ။ခပ်သိမ်းလူတို့၏ ဘုံမည်ခတ်နှိပ်။နှုတ်တံဆိပ် လည်းရှိသသော။မေမယာ။ဝါသည်။ကတာ။ မှာစပ်။သင်္ဂြိုဟ်။ ကမ္မဋ္ဌာန်းဝင်။ လူ့,ရှင်,ရဟန်း တို့သည်။ အဘိယာစိတော။ ကိုချင်မှ-ဤရန်သူတို့ကို။ မနိုင်နှင်းလျှင်။ လက်ငင်း မကြာ။ ဤပဋိပတ္တိ သာသနာတော်ကြီးပျက်မည်။ ဤကမ္မဋ္ဌာန်းပွဲပျက် လျှင်။မနာလို၍-ဝန်တိုပျက်သူတို့။ နှစ်လမကြာ။ မြေမျိုပါလိမ့် မည်ဟု။အကြိမ်ကြိမ်အခါခါ။ တောင်းပန်ကြသည်ဖြစ်၍။ဂါထာ ဟိ။ရတ္တိယအဖြာဖြာ။ဂါထာအမျိုးမျိုးတို့ဖြင့်။ဂါယိတံ။ဘုံစည်း သီးကုန်းအပ်သော။ သင်္ဂြိုဟ်။ ဝေါဟာရပန်လောင်း ဖြစ်၍။ အပါယ်-၄-ပါး တံခါးပိတ်လိုသူ။ လူ့,ရှင်,အပေါင်း သူတော် ကောင်းတို့သည်။မာနိတံ။ချိန်ခါနာရီ။ဗိဇနာမပြတ်။အထပ်ထပ် မြတ်နိုးအပ်သော။ ပေကျွံ။ ရှုဘွယ်ကို။ဝါ။ ဤဘဝကစ၍ဖွင့် ကြည့်။နိဗ္ဗာန်ထိအောင်။ ဤစာအုပ်ကြောင့်။ ဗိမ္ဗအပေါင်းမိစ္ဆာ လောင်းတွေ။ပျောက်ပေသည်ဟု။ အမြဲမပြတ်။ အထပ်ထပ်ရှု အပ်သော။သိဟနာဒပေါ်ဌာကံ။ "ဗုဒ္ဓဝေဒီအလင်္ကာနိဂ္ဂဟာ သိဟ နာဒရှုဘွယ်ကျမ်း"စာအုပ်ကို။ ကတာ။ ရေးသားပြုပြင်။စီရင် လိုက်ပြီ။ ။သော သော ဂန္ထော။ ဤဗုဒ္ဓ-ဓမ္မ-သံဃာ- ဝေဒီ အလင်္ကာနိဂ္ဂဟာ သိဟနာဒ ရှုဘွယ်ကျမ်းသည်။ သက္ကရာဇ်။ လူတို့ဝေါဟာ။ကောဇာတွက်စစ်။သက္ကရာဇ်သည်။ ဧချကွယံ။ ၁၂၇၂-ခုနှစ်သို့။သမ္ပတ္တော။ရောက်လပ်သည်ရှိသော်။ဇိနစက္ကေ။ ဘုရားသခင်သာသနာတော်စက်သည် ။နမ္ဗကျွံ။ ၂၄၂၅-ခု နှစ်သို့။သမ္ပတ္တော။ရောက်လပ်သည်ရှိသော်။စိတ္တမာသသ။ ထံရူး လ၏။ပဉ္စမေ။ပဉ္စမီဝေသေ လဆန်းပက္ခ။၅-ရက်။ကြာသပတေး နေ့၌။ ရတ္တိယာဝတ္တာမိ ဂါထာဟိစ။ ရတ္တိယ စကားဖြင့်။ ဝေယျာကရဏာဝတ္တ-အစရှိသောဂါထာတို့ဖြင့်၄င်း။ သာမည ဂါထာဟိစ။သာမညဂါထာတို့ဖြင့်၄င်း။ လိင်္ကာတော။ ရေးသား အပ်သော။ အနန္တရာယော။ အန္တရာယ်မိုးစိ-အနှံ့မြိုမှုမရှိဘဲ။

နိဌိတောယထာ။ အပြီးသို့ရောက်သကဲ့သို့။ တထာ။ ထို့အတူ။ ငါကိုနှံ၊ခပ်သိမ်းသဘ္ဗဝါ။ဝေနေယျာတို့၏။သက်ပွါ၊ကောင်းသောအကြံအစည်တို့သည်။ သိဃံ။လျှင်လျှင်မြန်မြန်။သိဇ္ဈန္တု။ ပြီးကြပါစေကုန်သတည်း။

ဇုမ္ဗိနာပုညကမ္မေန။အမြောနကုသလေနစ။ဒုတိယေယအဘ္ဗ
သမ္ဘဝေ။ ဒေဝရာဇာ ဘဝေယျာဟံ။ အာဒေရ ဒေဝ
ရာဇာသော။ ဝိဿနသာသမိပေဝ၊ ။သဒ္ဒါဝိပဋ္ဌသမ္ပန္နော။
မဟိဒ္ဓိကော။ပဟာပညော။ဘဝေယတသာသာဝကော။
အဟံ။ငါသည်။ဝါ။ သူရိယာနေ့စကြာ–နေမင်းကြီး၃တပါး။ လ–စန္ဒာကြိုဟ်မြတ်။လ–ဗိမာန်ထိန်ဝင်း၊ကောင်းကင်မှာအထွန်းလင်းအတောက်ပဆုံးဖြစ်သကဲ့သို့။ ထို့အတူ– လူ့ချပ်နတ်ထံ။နိဗ္ဗာန်တိုင်ရောက်။ငါတို့ဆရာတော်ဘုရားကြီး။ဘုရားအစစ်ဖြစ်တော်မူသည် တိုင်အောင်၊ လ–ဝန်းကြီးကဲ့သို့။ ဘုရားရှင်၏သားကြီးရတနာ။ လက်ျာတော်ရန်။ ပညာလွန်ကြီး။ တပည့်ကြီးရှင်သာရိပုတ္တရာကဲ့သို့။ ဓမ္မသေနာပတိ၊ တရားမှူးမိုင်။ဖြစ်လိုသော–စန္ဒိမာခေါ်တွင်။ ရဟန်းတော်လောင်း။ငါ–ကိုရင်သည်။ ဇုမ္ဗိနာပုညကမ္မေနစ။ဤသို့ယခုနေ့စင်ပြုသော။ဒါနသီလဘာဝနာကုသိုလ်တို့နှင့်တကွ။ ဇုဋ္ဌဝေရိအလင်္ကာနိဂ္ဂဟာသိဟနာဒစာအုပ်ကို။ဆရာတော်ဘုရားကြီး၏ကိုယ်စား,ရေးသားရသောကုသိုလ်ကြောင့်ရှင်း။ဒုတိယေ။ခန္ဓာပဉ္စန်၊ကျွေချိန်ရောက်၍။ဘဝပြောင်းပြပ်နှစ်ချမြောက် ဖြစ်လတံ့သော။ အဘ္ဗသမ္ဘဝေ။ ခန္ဓာအသစ်။ဖြစ်လတန့်သော–အဘ္ဗဘော၌၊ ဒေဝရာဇာ၊ ငါတို့ဆရာတော်အပေါ်ဝတ၊ဘဝပြောင်းခါ– စံတော်မူလတန့်သော။ တုသိတာနတ်နန်း။အထက်စခန်းမှာလည်း။ဤနည်းတူစွာ,ဗောဓိသတ္တာအလောင်းလျာ၏။ ရန်သူတော်ပေါ် လာသမျှ။ နှိပ်နင်းနိုင်သောအဂ္ဂသာဝက,ပဌမလက်ျာတော်ရန်။ အမှန်တရဆီ၊ ကိုယ်စား

လည်နှတ်မင်းကြီးသည်။ဘဂဝေယံ၂။ အနည်းထင်ငါ၊ မြဲခစားခါ။ ဒေဝရာအစစ်–ဖြစ်ကြီးဖြစ်ရပါလို၏အရှင်ဘုရား။ ။ဘဂ္ဂေ။ မြတ်စွာဘုရား။ သောအဟံ။ ထိုတပည့်တော်သည်။ အာစေရ ဒေဝရာဇာသာ။ ငါတို့ဆရာ–ဗေါသတ္တာ။ ဒုတိယ လောင်းလျာ တုသာ ိတာနတ်နန်း။ဘုံစခန်း၌။ စံမြန်းတော်မည် ရည်သံလျက် နေတော်မူသော။ဇာတ္တသယ–လိုတိုင်းရသည့်။ တုမရှိဘုန်းမော်။ ဆရာတော်နတ်မင်းကြီး၏၊ဝိမာနသာ။ ဦးယျာဉ်–ရောက်။ အတင် တန်သောပဒေသာ။ ရတနာအခန်းခန်း။ အဆန်းဆန်း အကြယ်ကြယ်။အသွယ်သွယ်သောဘုံ။ အသုံးစုံတို့ထက်။ ကြီးမားမြင့်မြတ်သော။ရတနာရောင်လျှံ။ဘုံဗိမာန်ကြီး၏။ သမီပေဝ။ အနီးထံပါး–အမြဲခစားလျက်သာလျှင်။ဘဂဝေယျ။ ကော်စင်စစ်ဖြစ်ရပါလို၏အရှင်ဘုရား။

ဘဂ္ဂေ။ မြတ်စွာဘုရား။ သောအဟံ။ ထိုအကျွန်ုပ်သည်။ သဒ္ဓါဒိပဉ္စသမ္ဘဝေ။သဒ္ဓါအစရှိသော။ ငါးပါးသောတရားတို့နှင့် ပြည့်စုံသော။မဟိဒ္ဓိကော။ ကြီးသောတန်ခိုးရှိထသော။ မဟာပညော။ ပညာအကြီးဆုံးဖြစ်သော။ တသာ။ ထိုငါတို့ဆရာ–လောင်းလျာဗောဓိ။ ရနိုင်စစ်စစ်။ ရှင်ချစ်ဘုရား။ တရားမင်း ၌။ သာဝကော၊အိမ်ရှေ့နန်းစံ။လက်ျာရန်အဂ္ဂသာဝက။ပဌမရတနာသားကြီး။တရားစစ်သူကြီးသည်။ ဘဂဝေယျ။ မည်စင်စစ်ဖြစ်ရပါလို၏အရှင်ဘုရား။

အပတ္တံယာဝနိဗ္ဗာနံ။သံသာရေ ဘဝါဘဝေ။
ဥဠ္ဌကုလေဘဝိတွာန။ ဧသော ယံ သီလဝ ဂုတ္တာ။
အမိတဘောဂ ဘုဉ္ဇိတွာန။ ဧလောကီယ သုခံ။
ပဉ္စပဟိတွာန။ဘုဉ္ဇေယျ၂ အမတသုခံ။ ။ဘုဉ္ဇနော
ပိသာမဉ္ဉေန။နဘုဉ္ဇေမိ လောကသုခံ။ စက္ကရာဇံ

ဘဝိတွာဝ။အမတဘောဂံစဇိတွာန။ သေယျံ
အမတရသန္တိ။

ဘဂဝါ။မြတ်စွာဘုရား။အဟံ။ တပည့်တော်သည်။ ယာဝ။
အကြင်၍လောက်။နိဗ္ဗာနံ။နိဗ္ဗာန်သို့။အပတ္တံ။မရောက်သေး။တာ
ဝ။ထိုနိဗ္ဗာန်သို့မရောက်သေးသမျှ။ဘဝါဘဝေ။ ဘဝတိုင်း-ဘ
ဝတိုင်း။သံသယာနှာ၊ကြည်လည်ရသမျှ။ ဥတ္တမေ။ အမြင့်ဆုံး
အမြတ်ဆုံးဖြစ်သော။စက္ကရာဇာမျိုးနှ၊ဘဝိတွာန။ဖြစ်၍။ ဥတ္တမံ။
မြတ်လှစွာသော။ သိဝံ။နိဗ္ဗာန်ကို။ သေယျံ။ ပါရမီဆယ်ပါး။
မြတ်တရားကို။ နှစ်သက်ဝမ်းသာ-ရှာမှီးပေါလို၏ အရှင်ဘုရား။
ဘဂဝါ။မြတ်စွာဘုရား။အဟံ။တပည့်တော်သည်။ အမိတဘော
ဂံ။မနိုင်းရှင်နိုင်သော။လောကီစည်းစိမ်ချမ်းသာကို။ဘုဉ္ဇိတွာန။
စားပြီး၍။လောကီယသုခံ။ဖြင်ကပျက်ပြန်။ လောကဝံချမ်းသာ
ကို။ပဇဟိတွာန။ မစင်ဘင်ဘုတ်ကဲ့သို့စွန့်ကဲ့၍။ အမတသုခံ။
အမြိုက်နိဗ္ဗာန်ချမ်းသာကို။ဘုဥ္ဇေယျံ။ ခံစားသုံးဆောင်ရပါလို၏
အရှင်ဘုရား။ ။ဘဂဝါ။မြတ်စွာဘုရား။ဘုဉ္ဇန္တောပိ။ သုံးဆောင်
သော်လည်း။သာမညေန။သာမညအားဖြင့်။နဘုဉ္ဇေမိ။ နိဗ္ဗာန်ချမ်း
သာကို။မစံစားပို။လောကသုခံ။ လောကီမှာ။ အချမ်းသာဆုံး
ဖြစ်ရုံမျှမက။ဘယ်နှစ်ဘဝ-စကြာမင်းဖြစ်သော်။ တိုင်းသူပြည်
သားတို့ လည်း။အပါယ်သို့မကြ။ မိမိလည်းအမြဲနတ်ရွာစံရသည့်
အဘုသိရာဇာ၊ စကြာမင်းအဖြစ်ကို။ဘဝိတွာဝ။ လူ့ပြည်ဆင်း
တိုင်းဖြစ်၍လာလျှင်။အမိတဘောဂံ။မနိုင်းရှင်နိုင်သောလောကီ
စည်းစိမ်ကို။စဇိတွာန။တစမကျန်။နိက္ခမံ။ကေစား။တောထွက်ခါ
ရှန်ခဲ့၍'အမတရသံ။ အမြိုက်သုဓါခေါ်သည့်။ နိဗ္ဗာန် ချမ်းသာ။
နိရောဓသဏ္ဍာကို။ သေယျံ။မဂ္ဂင်ရှစ်ပါး-ရထားတော်ကြီးကို
အပြီးတိုင်ရောက်။ဒုက္ခသစ္စာ၏။ လွန်မြောက်ရာ။ တဏှာ သမု
သစ္စာပါပြုတ်၍။သမုဒ္ဒေဒပဟာန်ဖြင့်။ အရဟတ္တမဂ်ဉာဏ်ထိ

အောင်။ မြေချမ်းသာ။ သုခပဋိပဒါ-ခိပ္ပါဘိညာ-အဂ္ဂသာဘကာံ။
လက်ျာရန်အစစ်ဖြစ်ဘို့ သာလျှင်။ကောံမှုချ။ ဘဝတိုင်းသာ၍မှီး
ရပါလို၏အရှင်ဘုရား။

ဤတွင်"ဤဇုဋ္ဌဝေရီအလင်္ကာနိဂ္ဂဟာသီဟနာဒရှုဘွယ်ကျမ်း"
စာအုပ်အပြီးသတ်သတည်း။

ဤစာအုပ်ကိုအလိုရှိပါက။စာတအုပ်လျှင် (၆-ပဲစီ။)
၁၀-အုပ်ကစ၍ ၄၀-အထိယူက(၅-ပဲစီ။)
၅၀-က။၁၀၀-ရာ။၄၀၀-အထိယူက( ၄ပဲ-နှင့်။၂-ပြားစီ)
၅၀၀-က။၁၀၀၀-အထိ။ တခါထည်းယူလျှင် (၄-ပဲစီ)

၎င်းစာအုပ်ကိုအလိုရှိပါလျှင်။မန္တလေးမြို့။အနောက်ပြင်။
သီရိမာလာရပ်-လွှထောင်တန်းနေ။
မင်းကတော်ကြီး"မမသစ်"ထံမှာဖြစ်စေ။ မှ .က-ရနိုင်ပါသည်၊
၎င်းပြင်

မန္တလေးမြို့-ဆိုင်းတန်း။ဦးမောင်ကြီးအင်ဆန်းစာပုံနှိပ်တိုက်
မှာဖြစ်စေ။ မှာကရနိုင်ပါသည်။